# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 3 December 2024 ၁၁၆၆၀


## ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ယှဉ်ပြိုင်ကစားကြသည်။

### အနိုင်ရရှိခဲ့

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကိုသုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ

### ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ဖြစ်လာတော့မည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်

ဆောင်းပါး စာမျက်နှာ » ၁၀

### ဂျပန်နိုင်ငံ၌ ယခုနှစ် ဆောင်းဦးရာသီတွင် မကြုံစဖူး ထူးခြားစွာ အပူချိန်မြင့်တက်မှုနှင့် ကြုံတွေ့

စာမျက်နှာ » ၁၃

### မထင်မှတ်လောက်အောင် ရိုက်ခတ်လာသည့် အသိဉာဏ်တု လှိုင်း



ဆောင်းပါး စာမျက်နှာ » ၁၈

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂

| | | |
|---|---|---|
| ဟားခါး | ၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၇ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၉ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၉ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# စာပေအသိအမြင်ဗဟုသုတများ ပြည်သူများအကြားပျံ့နှံ့ရေးကြိုးပမ်း

စည်းကမ်းပြည့်ဝသည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့ကို နိုင်ငံတော်က မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြည်သူများ၏ လိုလားချက်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင် အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် စာအုပ်စာပေများမှတစ်ဆင့် အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ထားသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့်ပစ္စုပ္ပန်ကို နိုင်ငံတော်အနေဖြင့် စာပေအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များ၏ အနုသုခုမပညာရပ်များကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ပုံဖော်ဖန်တီးနိုင်ရေးအတွက် တတ်စွမ်းသမျှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံနှင့်ပြည်သူများ၏ ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် စာပေဆုနှင်းသဘင်ပွဲကြီး ကျင်းပပြီး ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။

ဆက်လက်၍ စာပေပညာ၊ စာပေပညာရှင်များနှင့် စာပေလောကသားများ အကျိုးကို ဖြည့်ဆည်းပေးနိုင်မည့် "စာဆိုဗိမာန်" အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ စာပေဆိုင်ရာထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထို့အပြင် စာအုပ်စာပေဟူသည်မှာ မည်မျှပင် ကာလရှည်က ထုတ်ဝေခဲ့သည် ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်က ထုတ်ဝေခဲ့သည့် စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန် ပြန်လည်ထုတ်ဝေသင့်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများနှင့် အခြားပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြဝတီစာပေတိုက်က ပြန်လည်ထုတ်ဝေလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံ၏အနာဂတ်အင်အားများဖြစ်သည့် လူငယ်လူရွယ်များ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်စွမ်းကိုယ်စများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

စာပေသည် လူ့အဖွဲ့အစည်းကြီး၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာစာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး စသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်သည်။ စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံပြင်ဖြစ်သည်။ စာအုပ်စာပေသည် လူသားများအားလုံးအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်မားတိုးတက်လာသည်နှင့်အမျှ လူမျိုးဂုဏ်လည်း တင့်တယ်ဝင့်ကြွားလာမည်ဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်၍ မြန်မာတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များအားလုံးက လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အဟန့်အတားအနှောင့်အယှက်ပေးလျက်ရှိနေသည်မှာ သတင်းအတုအယောင်များ၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့သည့် သတင်းအချက်အလက်များဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါ သတင်းအချက်အလက် အတုအယောင်အမှားများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ပျက်စီးစေနိုင်သည့်အပြင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် အရာရာတွင် စဉ်းစားချင့်ချိန်နိုင်စွမ်းရှိပြီး အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ခွဲခြားသုံးသပ် ဝေဖန်နိုင်စွမ်းရှိသော စာပေအသိအမြင်ဗဟုသုတများ ပြည်သူလူထုကြားတွင် ကျယ်ပြန့်စွာ ပျံ့နှံ့စိမ့်ဝင်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၈ / ၂၀၂၄ )**

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း ၂ ရက်

( ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ၂ ရက် )

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ACE အိမ်ရာ၊ စိန်ပန်းလမ်း၊ ခြံအမှတ်(၂၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ]** ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ]** ၏ မှတ်ပုံတင်အမှတ်မှာ (၅၅) ဖြစ်ပါသည်။

( ပုံ ) ကိုကို

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ -၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၂,၇၄၈ | ၈,၇၉၃,၇၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂၂ | ၁၈၄,၈၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁၁၂ | ၂၂၃,၅၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၁ | ၃,၁၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅၁၃ | ၈၇၂,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၅ | ၂၃,၀၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁၂ | ၃၉,၆၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၄ (ရန်ကုန်)၊ ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၄၅/၂၀၂၄ (ရန်ကုန်)၊ ၄၆/၂၀၂၄ (ရန်ကုန်)၊ ၇၁/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄(ရန်ကုန်)၊ ၆၈/၂၀၂၄(ရန်ကုန်)၊ ၇၂/၂၀၂၄(မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေးပြီး အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ / ပိတ်ပွဲ အခမ်းအနားအစီအစဉ်အလိုက် အကြိုပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ခေတ်ခြောက်ခေတ် ယိမ်းအကဖြင့် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများ အလိုက် ပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားရုံနှင့် အားကစားကွင်းများ၌ စတင်ယှဉ်ပြိုင်လျက်ရှိရာ ဝန်ကြီးဌာနအဆင့် အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်း အားကစားကွင်း၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် U -21 အမျိုးသားဘောလုံး ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်းအမှတ် (၃)၊(၄) တို့တွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် U–25 အမျိုးသမီးဘောလုံး ပြိုင်ပွဲကို ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ် ကွင်းတို့တွင် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (အမျိုးသား/ အမျိုးသမီး) ဖူဆယ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိဖူဆယ်ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) ဘော်လီ ဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစား ကွင်း(B)ရုံ၌လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာန ပေါင်းစုံအလွတ်တန်း (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနား မြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်း နှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထိန်လင်း၊ အမြဲတမ်း အတွင်းဝန် ဦးဝင်းကျော်အောင် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်း မိသားစုများ၊ အားကစားဝါသနာ ရှင်များ လာရောက်အားပေးကြည့်ရှု ကြသည်။

ယနေ့သည် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည်နှင့် အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပြန်ကြား ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာနကိုယ်စားပြု အုပ်ချုပ် သူ၊ နည်းပြနှင့် အားကစားသမား များအား ရင်းရင်းနှီးနှီးအားပေး စကားပြောကြားပြီး ထောက်ပံ့ငွေ များ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများသည် ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား များ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် မှ ကျောင်းသား ကျောင်းသူများက ခေတ်ခြောက်ခေတ် ယိမ်းအက ဖြင့် လေ့ကျင့်နေမှု၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး တို့မှ ဖျော်ဖြေရေးအဖွဲ့များက သက်ဆိုင်ရာဖျော်ဖြေရေးအစီအစဉ် များအလိုက် လေ့ကျင့်ဆောင်ရွက် နေမှု၊ Lighting System၊ LED၊ အသံစနစ်နှင့် မီးစနစ်များ ကြိုတင် စမ်းသပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး ခဲ့သည်။

**သတင်းစဉ်**

## အထွက်တိုး(ရွှေနီပြောင်း)များ မန္တလေးဈေးကွက်၌ အရောင်းအဝယ်ကောင်း

**မန္တလေး ဒီဇင်ဘာ ၂**

ယခု ဒီဇင်ဘာလဆန်းပိုင်း ဆောင်းရာသီကာလတွင် နယ်ပေါင်းစုံမှ စတင်ထွက်ရှိလာသည့် အထွက်တိုး(ရွှေနီပြောင်း)များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။

အဆိုပါ အထွက်တိုး (ရွှေနီပြောင်း)မှာ နံ့စားပြောင်းအုပ်စုတွင် ပါဝင်ပြီး ဆေးဝါးနှင့် အရက်ချက်လုပ်ရာတွင် အသုံးပြုသည့် သီးနှံတစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ဝယ်ယူမှု များပြားသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ကာ လက်ရှိဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးဖြင့် ရပ်တည်နေပြီး ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

**အရောင်းသွက်လျက်ရှိ**

အဆိုပါပြောင်းမှာ ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံနှင့် မုံရွာစသည့်ဒေသများမှ ဝင်ရောက်လျက်ရှိပြီး သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးဖြင့် အရောင်းသွက် လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း၌ အဆိုပါ အထွက်တိုး(ရွှေနီပြောင်း)ကို ဇွန်၊ ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်ထွက်ရှိကြောင်းနှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကာ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး သုံးစွဲရန်မလိုသည့်အတွက် စိုက်ပျိုးစရိတ်အသက်သာဆုံး နံ့စားသီးနှံဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ် ကြီး အောင်လင်းဒွေး၏ ဖိတ်ကြား ချက်အရ နေပြည်တော်သို့ ရောက်ရှိ နေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာ များသို့ သွားရောက်လေ့လာကြရာ ဦးစွာ နေပြည်တော်အမျိုးသား ပြတိုက်သို့ရောက်ရှိပြီး နေပြည်တော် အမျိုးသားပြတိုက် Mini Theatre ၌ တာဝန်ရှိသူများက ပြတိုက် သမိုင်းကြောင်းကို ဗီဒီယိုမှတ်တမ်း ဖြင့် ရှင်းလင်းပြသပြီး သမိုင်း မတင်မီခေတ်ပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ လက်ဆောင် ပစ္စည်းများပြခန်း၊ သီဟာသန ပလ္လင်ပြခန်းနှင့် နိုင်ငံတော်သမ္မတ များ အသုံးပြုခဲ့သည့် မော်တော် ယာဉ်များပြခန်းတို့ကို လေ့လာ ကြည့်ရှုကြသည်။

ယင်းနောက် ကျောက်မျက် ရတနာပြတိုက်သို့ သွားရောက် လေ့လာကြရာ ပြတိုက်တာဝန် ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက် စိမ်းတစ်တုံးတည်းမှ ထွင်းထုထား သော ဥပ္ပါတသန္တိပုံစံတူကျောက် စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံး ပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါး မြန်မာ့တွင်းထွက် ရတနာများဖြစ် သည့် ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ များကို လိုက်လံရှင်းလင်းပြသ ကြပြီး ဒူးမားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်း တွင် လက်မှတ်ရေးထိုးကာ ပြခန်း



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



အောက်ထပ်ရှိ ကျောက်မျက် ရတနာ အရောင်းဆိုင်များကို လေ့လာကြည့်ရှုကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အဖွဲ့သည် နေပြည်တော်ကောင်စီ နယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြ ရာ တာဝန်ရှိသူများက မော်ကွန်း တိုက်၌ မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ် ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့် ဖြင့် အောင်မြင်စွာ တည်ထားပူဇော် နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော် များ တည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနား ကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေများနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ရန် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများကို ဗီဒီယို မှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့ သည် ကမ္ဘာ့ပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ် သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော် ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော် အတွင်း ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဋ္ဌ ဓိပတိ သာသနဒ္ဓဇဗိမာန်တော်ကြီး နှင့် အဋ္ဌကထာဋီကာကျမ်းစာ များကို စကျင်ကျောက်များပေါ်၌ ခေတ်မီကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထား သည့် ကျောက်စာရုံစေတီတော် များကို စိတ်ဝင်တစား လေ့လာ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အမျိုးသားပြတိုက်တွင် လေ့လာကြည့်ရှုစဉ်။

## မိုင်းဖြတ်မြို့နယ်၌ မီးခိုးမြူငွေ့ကင်းစင်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲ ၁ နာရီက အိုက်ငို့ကျေးရွာအုပ်စု ဟာကြားဟုန်ကျေးရွာခန်းမ၌ မီးခိုးမြူငွေ့ကင်းစင် ရေး၊ တောင်ယာ၊ တောမီးရှို့ခြင်းများမပြုလုပ်စေရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ဒေသခံ တောင်သူများအနေဖြင့် ဒေသတွင်းမီးခိုးမြူငွေ့ကင်းစင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တောင်ယာနှင့် တောမီးများ မရှို့စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုသည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရွှေကို(မိုင်းဖြတ်)**







## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာန ပေါင်းစုံ အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု (က) အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ကိုယ်စားပြုအသင်း နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ကိုယ်စားပြုအသင်း တို့ ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင် အားကစားကွင်း၌ ယှဉ်ပြိုင်ကစား ကြသည်။

အဆိုပါပြိုင်ပွဲယှဉ်ပြိုင်နေမှုကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးအေး ကျော်နှင့်ဇနီး၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းများ မှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနအကြီးအကဲများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မှ အရာထမ်း/အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစား ဝါသနာရှင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြ သည်။

အုပ်စု (က) အဖွင့်ပွဲစဉ်အဖြစ် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ကျန်အုပ်စု ပွဲစဉ်များအဖြစ် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းသည် ဒီဇင်ဘာ ၄ ရက်တွင် ပြန်ကြားရေးဝန်ကြီး ဌာနအသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ဒီဇင်ဘာ ၁၀ ရက်တွင် စွမ်းအင်ဝန်ကြီးဌာန အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများထံ အောင်နိုင်ရေးအလံ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများထံ အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစားနည်းအလိုက် လေ့ကျင့်မှုနှင့် စိတ်ဓာတ်ခံယူချက်မြင့်မားရေး၊ အကောင်းဆုံးသည်ပထမ ဆောင်ပုဒ်အတိုင်း အားကစားအောင်နိုင်ရေး၊ အားကစားဖြင့် ဝန်ကြီးဌာန၏ ဂုဏ်မြှင့်တင်ပေးကြရေး၊ ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်သည်အထိ ကြိုးစားကြရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက အားကစားနည်းများအလိုက် အောင်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ထားမှုများကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်များအား အောင်နိုင်ရေးအလံ ပေးအပ်ရာ အားကစားနည်းအလိုက် အသင်းခေါင်းဆောင်များက လက်ခံရယူကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဂေါက်သီးရိုက် စသည့်အားကစားနည်းများတွင် အားကစားအဖွဲ့ဝင် ၁၀၀ ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါအားကစားသမားများ၏ လေ့ကျင့်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



○ ရွှေဖုံးမှ

အားကစားရုံ၌ ကျင်းပရာ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက်ငါးဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသား ဖူဆယ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)၊(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကယားပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းတို့ ထည့်သွင်းကျင်းပလျက်ရှိရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံး ပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။




## "Kaiser" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် ဒီဇင်ဘာ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထား မှတ်ချက်ပြုထားသည့် "Kaiser" လိပ်ပြာပုံ (၂၀၀ကျပ်တန်) စာပို့ တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ (၆) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း (၆) ရက်(သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ(၆)ရက် (သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)အောင်ဆန်းသူရိယလှသောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက World AIDS Day နေ့ အထိမ်းအမှတ်အကြောင်း အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ခုခံကျ/ကာလသား) တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဝင်းကျော်စိုးက HIV–AIDS ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စီစဉ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို့ ကြိုတင်ဖြန့်ဝေထားသော ကျန်းမာရေးအတွက်မေးခွန်း ၁၀၀ စာအုပ်ငယ်အတွက် အဖြေလွှာတိုက်ညှိရေးအစီအစဉ်တွင် မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စန္ဒာအောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဝင်းမာနှင့် ခုခံကျ/ကာလသားတိုက်ဖျက်ရေးအဖွဲ့ဆရာဝန်များက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများက HIV/AIDS နှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို အခမ်းအနားတက်ရောက်လာသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုထက်

## လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၂/ ၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ






နေပြည်တော် ဒီဇင်ဘာ ၂

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) နေပြည်တော်မှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ လျှပ်စစ်(စွမ်းအား) အထူးပြုအင်ဂျင်နီယာ ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂဟေပညာရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### တိုက်တွန်းပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို လျှပ်စစ်နှင့် ပတ်သက်သည့် အခြေခံသဘောတရားများ၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများတွင် ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်လာနိုင်စေရန်၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချသော စာတွေ့၊ လက်တွေ့ကိုသာမက လုပ်ငန်းခွင်အတွင်းမှ အတွေ့အကြုံ၊ အသိပညာ၊ နည်းပညာများကိုလည်း တစိုက်မတ်မတ် လေ့လာသင်ယူရင်း မိမိအရည်အသွေး တိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းတွင် အခြေခံလျှပ်စစ်၊ လျှပ်စစ်တိုင်းတာရေး မီတာများ၊ အခြေခံ အီလက်ထရွန်နစ်၊ လျှပ်စစ်ပတ်လမ်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲ၊ လျှပ်စစ်ဝိုင်ယာများ၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လျှပ်တာပြောင်းအခြေခံ၊ အေစီ–ဒီစီမော်တာများ၊ အေစီ–ဒီစီ မော်တာများ(မော်တာနှိုးခလုတ်)၊ ဓာတ်အားခွဲရုံနှင့် ကောင်းကင်ဓာတ်အားလိုင်း အကြောင်း သိကောင်းစရာများ၊ လျှပ်စစ်ကြိုးသွယ်တန်းပြီး စစ်ဆေးခြင်းနှင့် မြေဓာတ်ချစစ်ဆေးခြင်း၊ ရှတ်ခြည်းမို့အားမြှင့် ထိန်းချုပ်ရေးကိရိယာ၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ရာတွင် လိုက်နာရမည့်အချက်များ၊ ဓာတ်လှေကား၊ စက်လှေကားတို့၏ အခြေခံသဘောတရားများ၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် အထွေထွေဗဟုသုတ၊ လျှပ်စစ်သွယ်တန်းတပ်ဆင်မှု၏ အကျိုးနှင့် အပြစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အေစီ–ဒီစီ လျှပ်ထုတ်စက်၊ လျှပ်စစ်ဥပဒေနှင့် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လျှပ်စစ်စစ်ဆေးရေး ဌာနအကြောင်း သိကောင်းစရာများ စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အားကစားအဖွဲ့ကို အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများအား အောင်နိုင်ရေးအလံ အပ်နှင်းခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေး ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများ၊ အားကစားနည်းအလိုက်အုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များ အပါအဝင် ဝန်ကြီးဌာနပေါင်းစုံမှ အားကစားသမားများစွာ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အားကစားနည်းခြောက်မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်စေလိုကြောင်း၊ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိခြင်းသည် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ အားကစားကဏ္ဍ မြှင့်တင်ရာရောက်ကြောင်း။

အမျိုးသားအားကစားပွဲတော်သည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရန်၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှု ရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည့် အတွက် ကြံ့တောင့်ကြံ့ခံ အခွင့်အရေးတစ်ခုကို လက်ဆုပ်လက်ကိုင်ပြု၍ ရွှေ ၊ ငွေ ၊ ကြေး ရရှိရေး ဝီရိယ အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများ အောင်ပွဲဆင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို အပ်နှင်းပေးအပ်ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန အားကစားအောင်နိုင်ရေး အဖွဲ့ခေါင်းဆောင် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုနှင့် အားကစားသမားများက လက်ခံရယူသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းများမှ အုပ်ချုပ်သူများ အပါအဝင် အားကစားသမား ၁၃၀ ဖြင့် ဘော်လီဘော၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီးရိုက် (အလွတ်တန်း)၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် စသည့်အားကစားနည်းခြောက်မျိုးတို့တွင်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များစတင်ယှဉ်ပြိုင်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် နေပြည်တော်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/ ၂၀၂၄)

၁။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက် သန်းပေါင်း ၁၀၀၀ ကျော်သည် မသန်စွမ်းသူစာရင်းတွင် ပါဝင်နေပါသည်။ ထိုမျှသော မသန်စွမ်းသူများ၏အခန်းကဏ္ဍကို ပိုမိုသိရှိနားလည်စေရေးနှင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အခြေခံမူများကို ၁၉၉၂ ခုနှစ် (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) ဖြင့် အတည်ပြုချမှတ်ခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုကာကွယ်ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD)ကို ချမှတ်အတည်ပြုပေးခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်က ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း ထိုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုထားပါသည်။ ထို့အပြင် နိုင်ငံတော်အတွင်းရှိ မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် ပိုမို၍ကြည့်ရှုစောင့်ရှောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေကို ထုတ်ပြန်ပေးခဲ့ပါသည်။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်းသူအရေအတွက် မြင့်တက်လာသည်နှင့်အမျှ မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်နေသဘောထားများကို ပြုပြင်ပြောင်းလဲလျက် ရုပ်ဝတ္ထုအတားအဆီးများကို လျှော့ချပေးခြင်းဖြင့် မသန်စွမ်းသူများသည် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိကာ အခြားသူများနည်းတူ အမှီအခိုကင်းစွာ ဘဝဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်အဖြစ် **“အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး”** **“Amplifying the leadership of persons with disabilities for an inclusive and sustainable future”** ဟူ၍ ချမှတ်ထားပါသည်။

၄။ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏အခန်းကဏ္ဍကို အထူးအလေးပေးဖော်ပြထားသည့်အလျောက် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများဦးဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာနိုင်ရေး အားပေးဖော်ဆောင်ကြပါရန် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် (၃၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အား ဂုဏ်ပြုလျက် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**

# နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတကာ ပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ ပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ (၂၀၂၅)ကို ဆရာအတတ်ပညာရေး (Research on Teacher Education)၊ ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ အသုံးချသုတေသန (Applied Research on Arts and Science)၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံ (Research on Sustainable Scientific Collaboration of Ocean and Earth Sciences)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Research on MSMEs and TVET) နှင့် ဘာသာစကား အရင်းအမြစ်နှင့် ဉာဏ်ရည်တုနည်းပညာ (Research on Natural Language Processing–NLP and AI Technology) ကဏ္ဍငါးခု၌ နိုင်ငံတကာမိတ်ဖက်များနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကျင်းပသွားမည်ဖြစ်ကြောင်း၊ သုတေသနညီလာခံ၏ ဦးတည်ချက် (Theme)ကို “ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်ကိုညွှန်ပြခြင်း” (Navigating the future: Education, Science, and Technology for Brighter and More Prosperous Societies)ဟု ချမှတ်ထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့်စာတမ်းများကို ရွေးချယ်ဖတ်ကြားခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပပညာရှင်များက Keynote Address နှင့် Special Talk ပြောကြားခြင်းကဏ္ဍများ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာသော ဆရာကြီး ဆရာမကြီးများအနေဖြင့် တင်သွင်းလာသည့် စာတမ်းများအပေါ် မိမိတို့အတွေ့အကြုံများ၊ သတ်မှတ်ထားသောစံနှုန်းများဖြင့် စဉ်းစားရွေးချယ်ပေးကြစေလိုကြောင်း၊ ယခုညီလာခံသည် နိုင်ငံတကာအဆင့် ညီလာခံဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေး တက်ရောက်လာသူများအားလုံးက ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စာတမ်းဦးတည်ချက်အုပ်စုအလိုက် အရည်အသွေးရှိ စာတမ်းများစိစစ်အတည်ပြုရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို ရှင်းလင်းမှာကြားပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်က လက်ခံရရှိထားသောစာတမ်းများကို အမျိုးအစားနှင့် ဘာသာရပ်နယ်ပယ်အလိုက် တင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာကြီး ဆရာမကြီးများက အုပ်စုခွဲ၍ စာတမ်းတစ်ခုချင်းအပေါ်တွင် ဆွေးနွေးသုံးသပ်ကာ နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာန ကိုယ်စားပြု အားကစား အသင်းများ၏ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးရုံအတွင်း လေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) အသင်း၊ ဖူဆယ်အသင်းနှင့် ဘောလုံးအသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ရိုးရိုးသားသား ကြိုးကြိုးစားစား ပါဝင်ယှဉ်ပြိုင်ကြရန်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ကြရန်၊ ကျန်းမာရေးကောင်းမွန်မှု ရှိစေရေး စနစ်တကျနေထိုင်စားသောက်ရန်၊ ယခင်နှစ်ကရရှိထားသည့် အောင်မြင်မှုကို ဆက်လက်ထိန်းထားနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနဂုဏ်၊ နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်ရေး အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားကာ အားကစားသမားများ၏ အင်အားဖြည့်အစားအစာအတွက် ချီးမြှင့်ငွေ ပေးအပ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး(အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ပြေးခုန်ပစ်အားကစား နည်းငါးမျိုးကို အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၉၉ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရသင့်ရထိုက်သည့်အခွန်အခများနှင့် ဈေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် ရသင့်ရထိုက်သည့်အခွန်အခများနှင့်ဈေးငွေများအပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် ရငွေရရှိမှသာ သုံးစွဲငွေများကို သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်ငွေများ တိုးတက်ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အခွန်ကောက်ခံနေသည့်ဌာနများအနေဖြင့် မိမိအား ပေးအပ်ထားသော ကောက်ခံရန်လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကောက်ခံရန်လိုအပ်သကဲ့သို့ မိမိတို့ကောက်ခံသောအခွန်သည် အခွန်နှုန်းထားသင့်လျော်မှန်ကန်မှုတမှုရှိ/မရှိ စစ်သွားကြရန်လိုအပ်ကြောင်းနှင့် အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ကိုလည်း ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မိမိတို့ဌာနများအလိုက် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ဈေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ခရိုင်များအတွင်းရှိ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး တင်ပြ**

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်အခများနှင့် ဈေးငွေများအပြည့်အဝကောက်ခံရရှိရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်စွက်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝါးခယ်မမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်လှစ်



**ဝါးခယ်မ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ဝါးခယ်မမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ဒေါ်ပိုက်မိခန်းမ၌ ကျင်းပရာ အထက(ခွဲ)(အလက-၁)ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဝါးခယ်မမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ ပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဓာတ်ပုံပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဌာနဆိုင်ရာပြခန်းများနှင့် ပြိုင်ပွဲများကျင်းပနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် ပွဲတော်ကို ဒီဇင်ဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**



# ရေကြည်မြို့၌ ဆောင်းသီးနှံနေကြာ စိုက်ပျိုး

**ရေကြည် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ၂၀၂၄ -၂၀၂၅ ခုနှစ် ဆောင်းရာသီ နေကြာသီးနှံ မျိုးစေ့ချစိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အသုတ်မြို့၊ ကိုင်းချောင်ကျေးရွာရှိ တောင်သူဦးအုန်းသန်း၏ လယ်ယာမြေ နေကြာသီးနှံ သြစီမျိုး စံပြစိုက်ခင်းအတွင်း၌ ပြုလုပ်သည်။

အခမ်းအနားသို့ ကျုံပျော်ခရိုင်ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တောင်သူများက တက်ရောက်အားပေးကြရာ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ စံပြစိုက်ခင်းအတွင်း နေကြာမျိုးစေ့များ စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း(၂/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ(အပေါ်ထပ်)၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တာဝန်ရှိသူများ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်မြို့၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်လှစ်



**သရက် ဒီဇင်ဘာ ၂**

မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး သရက်မြို့ မီးသတ်ဦးစီးဌာန သရက်ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

**သင်ကြားပေးမည်**

သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းတွင် အဆင့်မြင့်မီးငြိမ်းသတ်ရေးဆိုင်ရာသင်ခန်းစာများ၊ အန္တရာယ်ရှိဓာတုဗေဒအကြောင်းနှင့် နိုင်ငံတစ်ဝန်းလုံးတွင် တိုးမြှင့်တည် ဆောက်လာသည့် စက်ရုံ၊အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးနှင့် ခေတ်မီ Fire Protectin System များ အကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး အဆိုပါသင်တန်းသို့ သင်တန်းသား ၁၈ ဦး တက်ရောက်ကာ သင်တန်းကာလမှာရက်သတ္တပတ် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ဖြစ်လာတော့မည့် မြန်မာ့ရိုးရာသကြန်ပွဲတော်

ပျံ့ချီ

၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆောင်ခရမ်ဟူသည့် ရေကစားပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုလိုက်သဖြင့် ၂၀၂၄ ခုနှစ် ထိုင်းနိုင်ငံ ဆောင်ခရမ်ပွဲတော်အား ဝှဲချီးကျင်းပကာ နာမည်ကျော်အနုပညာရှင်များဖြင့် promotion ဆင်းကာ ခရီးသွားလုပ်ငန်းတိုးတက်စေရေး လုပ်ဆောင်ခဲ့ကြပါသည်။ ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ မြန်မာ့ရိုးရာ အတာသကြန်ပွဲတော်အား ထိုင်းတို့က ခိုးသွားသည်ဆိုသူဆို၊ အစိုးရအလုပ်မလုပ်ဘူးဆိုသူဆို၊ ဒီတိုင်းကြည့်နေရမှာလားဆိုသူဆို စသဖြင့် ဝေဖန်သံများစွာ ထွက်ပေါ်လာခဲ့ပါသည်။ ထိုင်းနိုင်ငံမှ ဆောင်ခရမ်အား ICH (Intangible Cultural Heritage) ဟူသည့် ဒြပ်မဲ့ယဉ်ကျေးမှု UNESCO သို့ တင်သွင်းရာတွင် ထိုင်းနိုင်ငံသားတို့ နှစ်စဉ်နှစ်တိုင်း ဆင်နွှဲသည့် ပွဲတော်တစ်ခုအနေဖြင့်သာတင်ခဲ့ပြီး မြန်မာ့ရိုးရာအတာသကြန်၏ မူရင်းပုံစံဖြင့် တင်ခွင့်မရရှိခဲ့သည်ကို သိရှိသူနည်းပါးလှသည်။ မြန်မာ့ရိုးရာ အတာသကြန်ကိုလည်း ICH စာရင်းဝင်ရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust) ကဲ့သို့ NGO အဖွဲ့များ၊ Living Myanmar Media Group နှင့် Ko Hein’s Vlog ကဲ့သို့ မီဒီယာနှင့် ဆိုရှယ်မီဒီယာအဖွဲ့များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအား ချစ်မြတ်နိုးသည့် ပညာရှင်များနှင့် ပြည်သူများ ပူးပေါင်းကာ ၂၀၂၄ ခုနှစ်တွင် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း ကြားသိရပါသည်။

ICH ဟူသည့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အား ယူနက်စကိုအဖွဲ့က ၂၀၀၈ ခုနှစ်တွင် စတင်သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံများအသီးသီးရှိ လူမျိုးများ၏ ရိုးရာဓလေ့များ၊ အစဉ်အလာများ၊ ပွဲတော်များနှင့် ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ထားပါသည်။ ရှေးဟောင်းမြို့တော်များ၊ သမိုင်းဝင်နေရာများအား ဒြပ်ရှိယဉ်ကျေးမှုအဖြစ် သတ်မှတ်ထားပြီးဖြစ်ရာ လူမျိုးတစ်ခုစီ၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အဖြစ် အခန်းကဏ္ဍသစ်တစ်ရပ် တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် Hard power နှင့် Soft power ကဲ့သို့ နိုင်ငံတစ်ခု၏အင်အားကို ပြသရာတွင် ပုဂံ၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း နှင့် ညောင်ကန်ဒေသကဲ့သို့ အခိုင်အမာရှိပြီးဖြစ်သော မြန်မာတို့၏ သမိုင်းအမွေအနှစ်များနှင့် ၁၂ လရာသီပွဲတော်၊ ဒေသအလိုက်ပွဲတော်များ၊ ဓလေ့များသည် မြန်မာ့သမိုင်း၏ Soft Power များဖြစ်သည်။ ယူနက်စကိုက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများအား နှစ်စဉ် ဒီဇင်ဘာလအတွင်း ပြုလုပ်သော ညီလာခံတွင် မဲခွဲဆုံးဖြတ်ကာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်း အသိအမှတ်ပြုကြပါသည်။

ထိုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံများ၏တင်ပြချက်များကိုသာ အဆုံးအဖြတ်ပေးခြင်းဖြစ်ကာ နိုင်ငံများ၏ အစိုးရများအနေဖြင့် ထိုလုပ်ငန်းစဉ်အား ကိုယ်တိုင် First person အနေဖြင့် လုပ်ဆောင်၍မရနိုင်ချေ။ အစိုးရအနေဖြင့် ထိုကဲ့သို့လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအား သံတမန်ရေးရာ အကူအညီနှင့် နောက်ကွယ်မှ ကူညီပံ့ပိုးပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာ တရားဝင်နည်းလမ်းများအား ကူညီဆောင်ရွက်ခြင်းစသည့် ကူညီထောက်ပံ့သည့် နေရာတွင်သာနေကာ ဆောင်ရွက်နိုင်ပါသည်။ ထိုအချက်အား မြန်မာနိုင်ငံသားအများစုသိရှိခြင်း မရှိသည်ကို လွန်ခဲ့သောနှစ်တွင် တွေ့ရှိခဲ့ရသည်။ ထိုင်းနိုင်ငံ၏ ဆောင်ခရမ်အား ICH တင်စဉ်ကပင် ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်ပြခြင်းမဟုတ်ဘဲ ဘန်ကောက်အခြေစိုက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့များက ၂၀၂၂ ခုနှစ်တွင် တင်ပြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ၂၀၂၃ ခုနှစ်တွင် MCHT အဖွဲ့သည် Living Myanmar Media Group၊ Ko Hein’s Vlog စသည့် မီဒီယာများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးရှိ မြန်မာ့ယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပညာရှင်များ၊ ဒေသခံများဆီမှ ရိုးရာအတာသကြန်သည် မြန်မာနိုင်ငံသားများအားလုံး ပူးပေါင်းဆင်နွှဲလျက်ရှိသော မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်ပါသည်ဟူသည့် အချက်အလက်များဖြင့် ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုနိုင်ရေး ယူနက်စကိုသို့ တင်သွင်းခဲ့ကြပါသည်။ ထိုသို့တင်ပြရာတွင် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် ရိုးရာအတာသကြန်အားဆင်နွှဲနေကြသည့် ပုံရိပ်များ၊ ပညာရှင်များက မြန်မာ့ရိုးရာအတာသကြန်သည် မြန်မာတို့၏ မူပိုင်ရိုးရာ အမွေအနှစ်ဖြစ်ကြောင်း ဟိန္ဒူအယူအဆမှ မဟုတ်ဘဲ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှု အမွေအနှစ်အစစ်ဖြစ်ကြောင်း သမိုင်းဆိုင်ရာ သုတေသနပြုလုပ်ချက်များစသဖြင့် သက်သေအထောက်အထားများအား ဗီဒီယိုများပြုလုပ်ကာ Footage အဖြစ် စာတမ်းနှင့်တကွ တင်ပြခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့ရိုးရာအတာသကြန်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုအဖြစ် စာရင်းသွင်းရန် ဆန်ခါတင်အဆင့်သတ်မှတ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံတွင်ကျင်းပမည့် ယူနက်စကို၏ (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ညီလာခံတွင် မြန်မာ့ရိုးရာအတာသကြန်အား မြန်မာတို့၏ ကိုယ်ပိုင် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အတည်ပြုမဲခွဲဆုံးဖြတ်ရန် စီစဉ်ထားပါသည်။



သကြန်ယိမ်းအကအလှများဖြင့် မြန်မာ့ရိုးရာသကြန်ပွဲတော် ဆင်နွှဲနေမှုမြင်ကွင်း။

> ‘အောင်မြင်မှု၏ နောက်ကွယ်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုများ၊ မြန်မာနိုင်ငံသားများ၏ ဝိုင်းဝန်းကူညီအားပေးမှုများ ရှိနေခဲ့ပါသည်။ အစိုးရက မည်မျှထောက်ပံ့စေကာမူ ဒေသခံပြည်သူများ၏အားပေးမှုမရလျှင်သော်လည်းကောင်း၊ ပြည်သူတို့က မည်မျှအားပေးကူညီစေကာမူ သံတမန်ရေးရာနယ်ပယ်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် အစိုးရ၏ကူညီထောက်ပံ့မှု မရလျှင်သော်လည်းကောင်း မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရနှင့်ပြည်သူ နှစ်ဦးနှစ်ဖက် ညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်သည့် စည်းလုံးခြင်း၏ရလဒ်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများသည် ရိုးရာအတာသကြန်ပွဲတော်အား ကမ္ဘာကအသိအမှတ်ပြုသည့် ကိုယ်ပိုင်ရိုးရာပွဲတော်အဖြစ် ဂုဏ်ယူကာ ကျင်းပနိုင်တော့မည်’

ဤကဲ့သို့သော အောင်မြင်မှု၏ နောက်ကွယ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုများ၊ မြန်မာနိုင်ငံသားများ၏ ဝိုင်းဝန်းကူညီအားပေးမှုများ ရှိနေခဲ့ပါသည်။ အစိုးရက မည်မျှထောက်ပံ့စေကာမူ ဒေသခံပြည်သူများ၏ အားပေးမှုမရလျှင်သော်လည်းကောင်း၊ ပြည်သူတို့က မည်မျှအားပေးကူညီစေကာမူ သံတမန်ရေးရာနယ်ပယ်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် အစိုးရ၏ကူညီထောက်ပံ့မှု မရလျှင်သော်လည်းကောင်း မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရနှင့် ပြည်သူ နှစ်ဦးနှစ်ဖက်ညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်သည့် စည်းလုံးခြင်း၏ ရလဒ်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများသည် ရိုးရာအတာသကြန်ပွဲတော်အား ကမ္ဘာက အသိအမှတ်ပြုသည့် ကိုယ်ပိုင်ရိုးရာ ပွဲတော်အဖြစ် ဂုဏ်ယူကာကျင်းပနိုင်တော့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အမွေအနှစ်စာရင်းဝင်ရန် ၁၂ လရာသီပွဲတော်များဖြစ်သည့် သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်ကဲ့သို့ ပွဲတော်များ၊ ပုန်းမကြည့်ပွဲကဲ့သို့ကျေးလက်ရိုးရာပွဲများ၊ မနောပွဲ၊ ဒုံးယိမ်းပွဲနှင့် ကောက်သစ်စားပွဲကဲ့သို့ တိုင်းရင်းသားအသီးသီး၏ ပွဲတော်များ၊ တောင်ပြုန်းနှင့် ပခန်းရှိ ရိုးရာနတ်ပွဲများအပြင် မြန်မာ့သနပ်ခါး၊ ချိတ်လုံချည်၊ ငှက်ကြီးတောင်ဓား၊ ရုပ်သေးပညာ၊ ယွန်းပညာ၊ ဆိုင်းဝိုင်း၊ မြန်မာ့လက်ဝှေ့၊ ဇန်တိုဇန်ရှည် စသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်နိုင်သော အမျိုးအစားပေါင်း ၂၀၀၀ ကျော် ပိုင်ဆိုင်ထားရှိပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များသည် မိမိတို့အား ဘိုးဘေးတို့က အမွေပေးခဲ့ခြင်းဖြစ်ရာ နောင်လာနောက်သားမျိုးဆက်သစ်များအတွက် ရိုးရာအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းနိုင်သည်အထိ လက်ဆင့်ကမ်းပေးနိုင်ရန်လိုအပ်လှပါသည်။ ယနေ့ခေတ်ကမ္ဘာတွင် Multicultural အဖြစ် ယဉ်ကျေးမှုများ ရောနှောဆက်သွယ်ရာတွင် နိုင်ငံအသီးသီးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား နည်းလမ်းအမျိုးမျိုးဖြင့် ထိုးဖောက်လွှမ်းမိုးနိုင်ရန် ကြိုးစားလျက်ရှိသည်။ မိမိတို့သည် နဂိုယဉ်ကျေးမှု ကိုယ်ခံအားနည်းပါးပါက အခြားသော ယဉ်ကျေးမှုများ အလွယ်တကူလွှမ်းမိုးခံရကာ ကိုယ်ပိုင်ပုံရိပ်နှင့် အနှစ်သာရရှိသည့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်သွားနိုင်မည့် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ရိုးရာအတာသကြန်ပွဲတော်ကဲ့သို့ပင် အခြားသောမိမိတို့၏ ကိုယ်ပိုင်ရိုးရာဓလေ့များ၊ ပွဲတော်များနှင့်အခြားအမွေအနှစ်များအား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းဝင်သည်အထိ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် NGO အဖွဲ့အစည်းများ၊ မီဒီယာများ၊ ဒေသခံများ ပူးပေါင်းကာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၅ ခုနှစ်တွင် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ကမ္ဘာက အသိအမှတ်ပြုခံရတော့မည်ဖြစ်သည့် ရိုးရာအတာသကြန်ပွဲတော်အား စည်ကားပျော်ရွှင်စွာ ဆင်နွှဲကျင်းပနိုင်ရန် သတင်းစကားပါးလိုက်ပါသည်။ ။







# တောင်ကြီးမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂**

၂၀၂၄ ခုနှစ် ပြည်နယ်အဆင့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဒီဇင်ဘာလရောက်တိုင်း ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြပြီး ကျင်းပရသည့်ရည်ရွယ်ချက်မှာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိတ်ချ်အိုင်ဗွီပိုးရှိသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ပူးပေါင်းပါဝင်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင် ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် “Take the Rights Path” အေအိုင်ဒီအက်စ် ကင်းဝေးဖို့ သာတူညီမျှအလေးပေးလို့၊ အားလုံးဝိုင်းဝန်းပံ့ပိုးစို့ ဆိုသည့်အတိုင်း အိပ်ချ်အိုင်ဗွီ ကာကွယ်ရေးလုပ်ငန်းများကို လက်လှမ်းမီရန်ခက်ခဲသော ဦးတည်အုပ်စုဝင်များ အပါအဝင် အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေး ဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်




ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီး၌ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်း ဒေသကြီး၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။




**ဆုများချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က “နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြပြီး ယခုကဲ့သို့ကျင်းပရသည့် ရည်ရွယ်ချက်မှာ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ပူးပေါင်းပါဝင်ပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လုံးဝကင်းစင် ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် “Take the Rights Path” “အေအိုင်ဒီအက်စ် ကင်းဝေးဖို့ သာတူညီမျှ အလေးပေးလို့၊ အားလုံးဝိုင်းဝန်းပံ့ပိုးစို့” ဆိုသည့်အတိုင်း အိပ်ချ်အိုင်ဗွီကာကွယ်ရေး လုပ်ငန်းများကို လက်လှမ်းမီရန် ခက်ခဲသော ဦးတည်အုပ်စုဝင်များ အပါအဝင် အိပ်ချ်အိုင်ဗွီ ကာကွယ်ကုသရေး ဝန်ဆောင်မှုများကို လူတိုင်း သာတူညီမျှလက်လှမ်းမီ ရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများ အပါအဝင် အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး သစ်တောဦးစီးဌာန တိုင်းရောညွှန့်ရိပ်သာတွင် ပြုလုပ်သည့် စက္ကူစက်ရုံ (သာပေါင်း) အတွက် ဝါးနှင့်သစ်ပွ ကုန်ကြမ်း ရရှိရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က “တိုင်းဒေသကြီးတွင် ဘဏ္ဍာနှစ် အလိုက် သစ်တောစိုက်ခင်းများ တိုးချဲ့ထူထောင် စိုက်ပျိုးလျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စီးပွားဖြစ် သစ်တောစိုက်ခင်းများ၊ ဒီရေတောစိုက်ခင်းများကို တိုးချဲ့ထူထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ စက္ကူစက်ရုံ (သာပေါင်း) အတွက် လိုအပ်သည့် ကုန်ကြမ်းများကို စဉ်ဆက်မပြတ် လုံလောက်စွာ ရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူများအတွက် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ဝင်ငွေများ ရရှိလာကာ တိုင်းဒေသကြီး၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကုန်ကြမ်းတင်သွင်းနိုင်ရေး၊ ဈေးနှုန်းနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ငူမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**တောင်ငူ ဒီဇင်ဘာ ၂**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Grade–11 နှင့် Grade– 12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ နိုဝင်ဘာ ၂၈ ရက်က ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က အမှာစကားပြောကြားပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသကာ သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



စာအုပ်စာပေ လူ့မိတ်ဆွေ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများအတွက် သင်တန်းများဖွင့်ပွဲသို့ တက်ရောက်

မြစ်ကြီးနား ဒီဇင်ဘာ ၂

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကျား/မ ဖြစ်ခြင်းကို အခြေခံဖြစ်ပေါ်လာသော အကြမ်းဖက်မှုအား လူ့အခွင့်အရေးချိုးဖောက်သောကိစ္စရပ်များအဖြစ် အသိအမြင်တိုးလာစေရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုလျှော့ချရေးလုပ်ငန်းများ ပိုမိုရှင်းလင်းမြင်သာလာစေရန်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်၌ ယခုကဲ့သို့ ၁၆ ရက်တာလှုပ်ရှားမှုမှ အစပြု၍ ကျား/မ အခြေပြု အကြမ်းဖက်ခြင်းနှင့် အခြားအကြမ်းဖက်မှုမျိုးစုံ ရပ်တန့်စေရေးအတွက် အမျိုးသမီးများအပေါ် တန်ဖိုးထားလေးစားပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးအရေးကိစ္စရပ်များ ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် ဗီဒီယိုကလစ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။



ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းလုပ်ငန်းများအတွက် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနှစ်ခုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအတွက် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းအတွက် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးကသင်တန်းများအတွက်သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်း သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မွန်ပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် GDP ကုန်ထုတ်မြင့်မားရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၂

မွန်ပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် GDP ကုန်ထုတ်မြင့်မားရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က စီးပွားရေးကဏ္ဍသုံးခု၌ အဓိကကျသည့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်မှသာ အခြားကဏ္ဍများဖြစ်သည့် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများပါ ဆက်စပ် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိရန်အတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများကို ဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း၊ သီးထပ်စွမ်းအား တိုးတက်ရရှိရေးအတွက် အဓိက လိုအပ်သည့် စိုက်ပျိုးရေရရှိရေး အတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်မှသာ စိုက်ပျိုးရေး ထွက်ကုန်များ တိုးတက်လာပြီး ဂျီဒီပီ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေချေးငွေမှ ရရှိရန်ဆောင်ရွက်ပေးထားသည့်အတွက် အမှန်တကယ် ထုတ်လုပ်မှု တိုးတက်ရန်နှင့် တိုးတက်ထုတ်လုပ်မှု စာရင်းကို ဂျီဒီပီတွက်ချက်ရာတွင် ပါဝင်ရန် စာရင်းပြုစုပြီး စီမံကိန်းရုံးကို ပေးပို့ရမည်ဖြစ်ကြောင်း၊ စက်မှုလက်မှုကဏ္ဍအနေဖြင့် စက်မှုကြီးကြပ်တွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းများ၊ စည်ပင်သာယာမှ ခွင့်ပြုထားသည့် လုပ်ငန်းများတွင် အမှန်တကယ် ထုတ်လုပ်မှု တိုးတက်စေရန် အရင်းအနှီး လိုအပ်ချက်များကိုလည်း MSME ချေးငွေရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများအနေဖြင့် ဌာန၏ ရည်မှန်းချက်တာဝန်ပြည့်မီအောင် ဆောင်ရွက်ရန်၊ စာရင်းဇယားများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဘဏ္ဍာရေးလုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန် ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများ ဘုံဘေစတော့အိတ်ချိန်းနှင့် မဇဂွန်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းလီမိတက်သို့ သွားရောက်လေ့လာ

မွမ်ဘိုင်း ဒီဇင်ဘာ ၂

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ မီဒီယာလဲလှယ်မှု ချစ်ကြည်ရေးခရီးစဉ်အဖြစ်ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများသည် ဒီဇင်ဘာ ၂ ရက်တွင် ဘုံဘေစတော့အိတ်ချိန်းနှင့် မဇဂွန်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းလီမိတက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဘုံဘေစတော့အိတ်ချိန်း(Bombay Stock Exchange–BSE)သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ အကြီးမားဆုံး စတော့အိတ်ချိန်းတစ်ခုဖြစ်ပြီး ရှေးအကျဆုံး စတော့အိတ်ချိန်းလည်း ဖြစ်သည်။ ၁၈၇၅ နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အိန္ဒိယ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အရေးပါသော ဦးဆောင်စင်တာတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိသည်။ BSE သည် ၁၄၃ နှစ်ကျော်ကာလအတွင်း အိန္ဒိယ၏ ကော်ပိုရိတ်ကဏ္ဍကို အထောက်အကူဖြစ်စေခဲ့ပြီး မြန်ဆန်အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုစနစ်တစ်ခုအား ပံ့ပိုးပေးနိုင်ခဲ့သည်။ ၁၈၇၅ ခုနှစ်တွင် The Native Share & Stock Brokers' Association အဖြစ် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် BSE သည် အိန္ဒိယ၏ ပထမဆုံး စတော့အိတ်ချိန်း စာရင်းဝင်အဖွဲ့ ဖြစ်လာခဲ့သည်။

ဆက်လက်၍ မီဒီယာအဖွဲ့သည် မဇဂွန် သင်္ဘောလုပ်ငန်းလီမိတက်သို့ သွားရောက်လေ့လာကြသည်။ မဇဂွန် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းလီမိတက် (Mazagon Dock Shipbuilders Limited–MDL) သည် အိန္ဒိယနိုင်ငံ၏ အဓိကရေကြောင်းဆိပ်ကမ်းနှင့် သင်္ဘောလုပ်ငန်းစက်ရုံတစ်ခုဖြစ်ပြီး ရေငုပ်သင်္ဘောနှင့် စစ်သင်္ဘောများ ထုတ်လုပ်သော နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။

စစ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ ထုတ်လုပ်ပြီး အဓိကအားဖြင့် အိန္ဒိယရေတပ်၊ အိန္ဒိယ ကမ်းရိုးတန်းစောင့်တပ်၊ နိုင်ငံတကာ သင်္ဘောလိုင်းများနှင့် အရောင်းအဝယ်လုပ်ငန်းများတွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ MDL သည် ၁၈ ရာစုခန့်က စတင်တည်ထောင်ခဲ့ပြီး ယနေ့အချိန်တွင် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသင်္ဘောလုပ်ငန်းတစ်ခု ဖြစ်လာခဲ့သည်။ မဇဂွန် သင်္ဘောလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးနယ်ပယ်နှင့် ရေကြောင်းဆိုင်ရာ စီးပွားရေးနယ်ပယ်တွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ကမ္ဘာ့စစ်သင်္ဘောစက်ရုံများထဲတွင်လည်း အထင်ကရနေရာတစ်ခုဖြစ်ကြောင်း သိရသည်။



သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး

# အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ဟန်းတားဘိုင်ဒင်အပေါ် စွဲဆိုထားသည့် ပြစ်မှုများအား တရားသေလွတ်ပေး



ဝါရှင်တန် ဒီဇင်ဘာ ၂

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ၎င်း၏သား ဟန်းတားဘိုင်ဒင်အပေါ် စွဲဆိုထားသည့် ပြစ်မှုများမှ တရားသေလွတ်ပေးသည့်အမိန့်ကို ဒီဇင်ဘာ ၁ ရက်က ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

မိမိသမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့် အချိန်မှစ၍ တရားရေးဌာန၏ စီရင်ဆုံးဖြတ်မှုများကို ဝင်ရောက်စွက်ဖက်မှု မပြုခဲ့ကြောင်းနှင့် ယခုဟန်းတားဘိုင်ဒင် တရားစွဲဆိုခံရသည့် ဖြစ်စဉ်သည် ကွန်ဂရက်အတွင်းရှိ မိမိ၏ နိုင်ငံရေးပြိုင်ဘက်များက မိမိအား တိုက်ခိုက်ရန် အကွက်ချဆောင်ရွက်ခြင်းဖြစ်ကြောင်း သမ္မတဘိုင်ဒင်က ပြောကြားသည်။ ဟန်းတားဘိုင်ဒင်သည် မိမိ၏သားဖြစ်သဖြင့် အကွက်ချစီမံပြီး တရားစွဲဆိုခဲ့သည့်ကိစ္စမှာ မတရားမှုသာဖြစ်ကြောင်း သမ္မတဘိုင်ဒင်က ထပ်လောင်းပြောကြားသည်။ ဟန်းတားဘိုင်ဒင်အား ၂၀၁၈ ခုနှစ် ဇွန်လတွင် လက်နက်ဝယ်ယူမှုနှင့် ကိုကင်းသုံးစွဲမှုဖြင့် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းအမှုများကို ဒီဇင်ဘာ ၁၂ ရက်တွင် အမိန့်ချမှတ်ရန် တာဝန်ရှိသူများက စီစဉ်ထားသည်။

ထို့ပြင် ၎င်းအား အခွန်တိမ်းရှောင်မှုအတွက်လည်း အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

၂၀၀၁ ခုနှစ်ကလည်း ထိုစဉ်က အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဘီလ်ကလင်တန်သည် ၎င်း၏ အဖေတူအမေကွဲ ညီဖြစ်သူ ရော်ဂျာကလင်တန်အား ကိုကင်းသုံးစွဲမှုမှ တရားသေလွတ်ပေးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံ၌ ယခုနှစ်ဆောင်းဦးရာသီတွင် မကြုံစဖူးထူးခြားစွာ အပူချိန်မြင့်တက်မှုနှင့် ကြုံတွေ့

တိုကျို ဒီဇင်ဘာ ၂

ဂျပန်နိုင်ငံ၌ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း ကျရောက်သည့် ယခုနှစ်ဆောင်းဦးရာသီတွင် မကြုံစဖူးထူးခြားစွာ အပူချိန်မြင့်တက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**အပူချိန်များမြင့်တက်**

ယခုဖြစ်စဉ်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၆ နှစ်အတွင်း စံချိန်တင် အပူချိန်မြင့်တက်မှုဖြစ်သည်။

ဆောင်းဦးရာသီတွင် နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၉၇ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်းနှင့် ယမန်နှစ်အပူချိန် သုည ဒသမ ၅၈ ဒီဂရီဆဲလ်စီးယပ်ကို ကျော်လွန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်များအဖြစ် ယခုကဲ့သို့ အပူချိန်မြင့်တက်ခြင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။ ထို့ပြင်နိုင်ငံအတွင်းရှိ ဆာဂါမြို့၊ နာဂိုယာမြို့နှင့် တိုကျိုအလယ်ပိုင်းဒေသများတွင်လည်း အပူချိန်များ မြင့်တက်ခဲ့သည်။

**တာဝန်ရှိသူများကပြောကြား**

သို့ရာတွင် ဆောင်းရာသီ၌ ဂျပန်နိုင်ငံတွင် ၎င်းလျောင်ဒဏ်သင့် နိုတိုပင်လယ်အော်ဒေသအပါအဝင် ကမ်းရိုးတန်းဒေသများ၌ ပုံမှန်အတိုင်း ဆီးနှင်းများထူထပ်စွာ ကျဆင်းမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ဆီးရီးယားပဋိပက္ခအဆုံးသတ်ရေး စေ့စပ်ညှိနှိုင်းဆောင်ရွက်ရန် ကုလသမဂ္ဂတာဝန်ရှိသူ တိုက်တွန်းပြောကြား

ကုလသမဂ္ဂ ဒီဇင်ဘာ ၂

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများသည် အရပ်သားများကို ဆိုးရွားသောထိခိုက်မှုများ ဖြစ်ပေါ်စေသည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အရပ်သားများကို ကာကွယ်ရန်နှင့် ပဋိပက္ခအဆုံးသတ်ရေးအတွက် စေ့စပ်ဆွေးနွေးဆောင်ရွက်ရန် ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် ဂျာအိုပတ်တာဆန်က တိုက်တွန်းခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

မကြာသေးမီရက်များအတွင်း လုံခြုံရေးကောင်စီက အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် ဟာရတ်တီဟာအယ်ရှန်၏ တိုက်ခိုက်မှုများအပါအဝင် ဆီးရီးယားနိုင်ငံရှိ စစ်မြေပြင်တွင် တိုက်ခိုက်မှုအများအပြားဖြစ်ပွားခဲ့သည်။

နိုင်ငံအတွင်းဖြစ်ပွားနေသည့် သက်တမ်း ၁၄ နှစ်နီးပါးကြာ စစ်ပွဲနှင့်ပဋိပက္ခများကြောင့် အရပ်သားများအတွက် ဆိုးရွားသောအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ဆိုးရွားသော သက်ရောက်မှုများ ရှိနေကြောင်း ၎င်းက သတိပေးပြောကြားသည်။

“ဦးစားပေးလုပ်ငန်းအနေနဲ့ အရပ်သားတွေနဲ့ အခြေခံအဆောက်အအုံတွေကို ကာကွယ်ဖို့ နိုင်ငံတကာဥပဒေအရ ကျွန်တော်တို့ အလေးအနက်ထား ဆောင်ရွက်နေပါတယ်”ဟု ၎င်းကပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခမှလွတ်မြောက်ရန်အတွက် အဓိပ္ပာယ်ပြည့်ဝသော စေ့စပ်ညှိနှိုင်းမှုများတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား ၎င်းက တိုက်တွန်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၅၀၀ နီးပါးရှိလာ

ဒါကာ ဒီဇင်ဘာ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၄၉၄ ဦး ရှိလာခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**စံချိန်တင်ခဲ့**

နိုဝင်ဘာလအတွင်းက နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ သုံးသောင်းနီးပါးဖြင့် စံချိန်တင်ခဲ့ပြီး ၁၇၃ ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့် တစ်ရက်တာကာလအတွင်း နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၈၂ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ရောဂါကူးစက်သူ ၈၂၃၅၁ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဦးစီးဌာနက ပြောကြားသည်။

ယမန်နှစ်အတွင်း နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၇၀၅ ဦး ရှိခဲ့သည်။

အေးဒိစ်ခြင် အကိုက်ခံရသဖြင့် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ အော့အန်ခြင်းနှင့် ကိုယ်ခန္ဓာတွင် အစက်အပြောက်များ ထွက်ခြင်းတို့ဖြစ်လေ့ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအဖြစ် ခြင်ပေါက်ပွားမှုနှိမ်နင်းရေးကို ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံရှိ စူပါမားကက်တစ်ခုတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဝက်ဝံအား ဖမ်းဆီးကာ တောလွတ်ရာသို့ ပြန်လည်လွှတ်ပေး



တိုကျို ဒီဇင်ဘာ ၂

ဂျပန်နိုင်ငံ မြောက်ပိုင်းရှိ စူပါမားကက်တစ်ခုတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဝက်ဝံတစ်ကောင်ကို ဆိုင်အတွင်း ထောင်ချောက်ဆင်၍ ဖမ်းဆီးနိုင်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယခုဖြစ်စဉ်အတွင်း နိုဝင်ဘာ ၃၀ ရက်က နိုင်ငံမြောက်ပိုင်း အေကီတာမြို့ရှိ စူပါမားကက်တစ်ခုအတွင်းသို့ ဝက်ဝံတစ်ကောင် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စူပါမားကက်ဝန်ထမ်းတစ်ဦး ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**အမြင့်ဆုံးသို့ရောက်ရှိ**

ဂျပန်နိုင်ငံ၌ ဝက်ဝံ၏တိုက်ခိုက်မှုခံရခြင်းသည် နိုင်ငံသားများ မကြာခဏ ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ဖြစ်လာနေသည်။ ဂျပန်နိုင်ငံ၌ တိရစ္ဆာန်များ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်သည် ယခုနှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။

၎င်းဝက်ဝံသည် စူပါမားကက်အတွင်းရှိ အရောင်းကောင်တာနှင့် ကုန်သိုလှောင်ရုံ အနီးတွင် ပုန်းအောင်းနေကြောင်း ဒရုန်းမှတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့ပြီး ထောင်ချောက်ဆင် ဖမ်းဆီးခဲ့ကာ တောကင်းရာသို့ ပြန်လွှတ်ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

# အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး

**မသန်မှုနှင့် စွမ်းနိုင်မှုကို ပေါင်းစပ်ခေါ်ဝေါ်သည့် မသန်စွမ်းမှု၏ အနက်အဓိပ္ပာယ်သည် ပိုမိုလေးနက်ပေါ်လွင်လှပေသည်။ မသန်မှုသည် မတော်တဆထိခိုက်မှုကြောင့်လည်းကောင်း၊ မွေးရာပါချို့ယွင်းမှုကြောင့်လည်းကောင်း၊ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့ယွင်းအားနည်းမှုဖြစ်သည်။ သို့သော် မသန်စွမ်းသူများသည် မသန်မစွမ်းများမဟုတ်ကြပါပေ။ ကိုယ်ခန္ဓာချို့ယွင်းသည့်တိုင် ဘဝကိုအရှုံးပေးတတ်သူများမဟုတ်သဖြင့် သာမန်လူများထက်ပင် ပိုမိုသန်စွမ်းသူများ ဖြစ်ကြသည်။**

ထက်ဝေအောင်(စစ်ကိုင်း)



## မသန်စွမ်းလူ့အခွင့်အရေး အလေးထားပေး

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မသန်စွမ်းသူများ၏ လူ့အခွင့်အရေး မဆုံးရှုံးစေရေး အများပြည်သူသုံး လေဆိပ်၊ ပန်းခြံ၊ စာသင်ကျောင်း၊ ရုံး၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ ဘူတာရုံ၊ ယာဉ်၊ ရထားစီးသည့်နေရာများတွင် လူသားအခွင့်အရေး လက်လှမ်းမီအသုံးပြုနိုင်မည့် ကိရိယာ၊ နည်းပညာအကူအညီများ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မသန်စွမ်းသူများ၏ အခက်အခဲ အတားအဆီးများဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အတားအဆီးများ၊ သဘောထားခံယူချက် အတားအဆီးများ၊ မူဝါဒဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်ရေး မသန်စွမ်းသူများအတွက် အတားအဆီးကင်းသောလုပ်ငန်း၊ အလုပ်နေရာ၊ ပတ်ဝန်းကျင်ကောင်းများကိုလည်း ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့နှင့် ရည်ရွယ်ချက်

၁၉၈၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မသန်စွမ်းသူများအရေး အလေးပေးဆောင်ရွက်နိုင်ရန် ရည်သန်လှုံ့ဆော်မှုအဖြစ် “အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်” ဟု သတ်မှတ်မှုတစ်ရပ်ပြုလုပ်ပေးခဲ့သည်။ ဆက်လက်၍လည်း ၁၉၈၂-၁၉၉၃ ခုနှစ်ကို “အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်” အဖြစ် သတ်မှတ်ပေးခဲ့သည်။ မသန်စွမ်းသူများ၏ စိတ်ဓာတ်မြှင့်တင်ရေးအပိုင်း၊ လူ့ဂုဏ်သိက္ခာရှိရှိ လူမှုပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များတွင် တစ်တပ်တစ်အား ပါဝင်နိုင်ရေး ရည်ရွယ်သတ်မှတ်ခဲ့ခြင်းလည်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကလည်း နိုင်ငံတကာမသန်စွမ်းသူများအရေး ပိုမိုလှုပ်ရှားဆောင်ရွက်ရေး၊ မသန်စွမ်းသူများအပေါ် စာနာထောက်ထားရေး၊ စိတ်ဓာတ်မြှင့်တင်ပေးရေး၊ ဂုဏ်သိက္ခာမြှင့်တင်ပေးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များထွက်ပေါ်လာစေရေး လှုပ်ရှားမှုအဖြစ် ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင်ကျင်းပသည့် (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အပိုဒ်(၄၇/၃)ဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့”အဖြစ် အတိအလင်းကြေညာသတ်မှတ်ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရခြင်းရည်ရွယ်ချက်မှာ လူမှုနယ်ပယ်အသီးသီးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ မြှင့်တင်ရန်နှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအစရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ၏ လူမှုဘဝအခြေအနေများကို အသိပညာပေးမှု မြှင့်တင်ဆောင်ရွက်သွားရန် ဖြစ်သည်။

မသန်စွမ်းသူများ၏ မွေးရာပါအခွင့်အရေးနှင့် ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အသိအမှတ်ပြုသည့်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ(၂၀၁၇)ကို ထုတ်ပြန်ခဲ့သည်။ အလားတူ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်(၉)ရပ်နှင့် လုပ်ငန်းတာဝန်(၂၅)ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

> **“နိုင်ငံတော်အနေဖြင့် မသန်စွမ်းသင်တန်းကျောင်း ရှစ်ကျောင်းဖွင့်လှစ်ပြီး မသန်စွမ်းသူများအလိုက် အမြင်အာရုံမသန်စွမ်းသူများ၏ မျက်မမြင်အကြောပြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိရေးစီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လေ့ကျင့်ပျိုးထောင်မှုသည် နိုင်ငံသားတစ်ယောက်ချင်းစီ၏ အခွင့်အရေးကို အလေးထားဆောင်ရွက်”**

## ရည်မှန်းကြိုးစား ပြည့်အင်အား

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၄ ခုနှစ်တွင် စတင်ကျင်းပပြုလုပ်ခဲ့သည်။ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရေး မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်များကို လေးစားစေရန်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် မသန်စွမ်းသူများထံတွင် သက်ရောက်နေသည့် သဘောထားအမြင်နှင့် ကိုင်တွယ်မှုပုံစံများကို ထိထိမိမိဆောင်ရွက်သွားနိုင်ရန်အတွက် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးသဘောတူစာချုပ်ကို စာချုပ်ပါနိုင်ငံများနှင့် လက်မှတ်ရေးထိုးခဲ့သည်။ နိုင်ငံတော်အနေဖြင့် စာချုပ်အပိုဒ် ၂၉ပါ မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ တန်းတူမဲပေးပိုင်ခွင့်၊ ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်ရရှိစေရေးအတွက် မဲရုံအပါအဝင် အသုံးအဆောင်ပစ္စည်းများ လက်လှမ်းမီသုံးစွဲနိုင်ရေး၊ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေး၊ စိတ်ကြိုက်ရွေးချယ်မဲထည့်နိုင်ရေး စီမံပေးလျက်ရှိသည်။ မသန်စွမ်းသူများဆိုင်ရာ အာဆီယံဆယ်စုနှစ်လုပ်ငန်းစဉ်နှင့် ဘာလီကြေညာချက်ပါ နိုင်ငံရေးနယ်ပယ်တွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ “နိုင်ငံသားအခွင့်အရေး မဲပေးခွင့် မဆုံးရှုံးစေရေး” ပွဲပိုးပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသင်တန်းကျောင်း ရှစ်ကျောင်းဖွင့်လှစ်ပြီး မသန်စွမ်းသူများအလိုက် အမြင်အာရုံမသန်စွမ်းသူများ၏ မျက်မမြင်အကြောပြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိရေးစီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လေ့ကျင့်ပျိုးထောင်မှုသည် နိုင်ငံသားတစ်ယောက်ချင်းစီ၏ အခွင့်အရေးကို အလေးထားဆောင်ရွက်မှုပင် ဖြစ်ပါသည်။

## ပညာရှေ့ဆောင် ဤလူ့ဘောင်ဝယ်

ပညာသည်ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့သဖွယ်ဖြစ်သည်။ ပညာအရည်အသွေးဖြင့် ဘဝခရီးရှေ့ဆက်ရပါမည်။ နေပျော်ဖွယ်ကောင်းသောဘဝ၊ သာယာသောပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်လိုသူတိုင်း စာပေပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များပါ ပူးတွဲလေ့လာရမည်ဖြစ်သည်။ နေ့စဉ်ဘဝလှုပ်ရှားမှုများတွင် ဆန်းသစ်သောစိတ်ကူး၊ အတွေးအမြင်ရှိရပေမည်။ မည်သည့်အတတ်ပညာမဆို အလွယ်တကူသင်ကြားတတ်မြောက်လေ့မရှိပေ။ နည်းပညာ၊ အတတ်ပညာများကို ယဉ်ပါးကျွမ်းကျင်စေရန် သင်ယူလေ့လာခြင်း၊ အသုံးပြုခြင်းဖြင့် စတင်ပြီး သင်ယူတတ်မြောက်ခြင်းမှတစ်ဆင့် အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူဦးရေနှင့် အိမ်အကြောင်းအရာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာတွင် မသန်စွမ်းသူဦးရေ ၂ ဒသမ ၃ သန်းရှိကြောင်း ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံပီပီ မသန်စွမ်းသူများလူ့ဘောင်အဖွဲ့အစည်းများတွင် ပါဝင်နိုင်ရေး ဂုဏ်ယူစွာ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းကို အစဉ်လေးစားလိုက်နာလျက် “Education For All” (EFA) “လူတိုင်းအတွက် ပညာရေး” အခန်းကဏ္ဍတစ်ရပ်ကို ဖော်ဆောင်လျက်ရှိပြီး မသန်စွမ်းကလေးငယ်အားလုံး၊ လူငယ်လူရွယ်အားလုံး ပညာသင်ယူခွင့်နှင့် စာပေ၊ ဂီတ၊ အားကစား၊ အသက်မွေးဝမ်းကျောင်းပညာ လေ့လာအားထုတ်ခွင့်ဆိုင်ရာအခွင့်အရေးများ မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အမြင်အာရုံချို့ယွင်းသူများအတွက် လက်စမ်းစာများ၊ အကြားအာရုံချို့ယွင်းသူများအတွက် သင်္ကေတစာများဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

## ရေရှည်တည်တံ့သော လူသားစွမ်းရည်ပေါ်ထွန်းရေး

အလားတူ သဘာဝဘေးလျော့ပါးရေးနှင့် အရေးပေါ်ကြုံတွေ့နိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ်တုံ့ပြန်မှုများတွင် မသန်စွမ်းသူများကို လက်တွဲခေါ်ငင်ပါဝင်ပြီး လိုအပ်ချက် ဖြည့်ဆည်းပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မသန်စွမ်းသူများ၏ ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင်ရရှိမှုသည် ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်ချက်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်က ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ “အတားအဆီးကင်းဝေး မသန်စွမ်းလူ့အခွင့်အရေး”ဆိုစကားနှင့်အညီ မသန်စွမ်းသူများ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေး၊ မိမိကိုယ်မိမိယုံကြည်အားကိုးရေးဆိုင်ရာ လူ့စွမ်းရည်များပေါ်ထွန်းစေရေး ယုံကြည်စွာဖြင့် အခွင့်အရေးပေးရန်နှင့် ခေါင်းဆောင်နိုင်မှုစွမ်းရည်များ မြှင့်တင်ပေးရန် လိုအပ်ပေသည်။

ခေါင်းဆောင်မှု ပြုလုပ်သူများသည် ကိုယ်ပိုင်စွမ်းရည်အသီးသီးဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ခြင်းဖြစ်သည်။ ခေါင်းဆောင်တစ်ဦးသည် ဗဟုသုတကြွယ်ဝခြင်း၊ အပြန်အလှန်လေးစားခြင်းစွမ်းရည်ဖြင့် ဦးဆောင်ဦးရွက်ပြုလုပ်ပြီး လိုအပ်သည့်နေရာများတွင် နေရာတကျ အသုံးချဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အဖွဲ့အစည်းတစ်ခုအတွင်း အဖွဲ့ဝင်များနှင့် စနစ်တကျ ဆက်သွယ်ဆောင်ရွက်ခြင်း၊ နွေးထွေးသောဆွေးနွေးမှုဖြင့် ခေါင်းဆောင်မှုပြုခြင်းများသည် လွန်စွာသိမ်မွေ့သည်။ အရည်အချင်းရှိသော ခေါင်းဆောင်မှုစိတ်ဓာတ်ရှိသူများ ရေရှည်ပေါ်ထွက်ရေးပံ့ပိုးခြင်း၊ လမ်းညွှန်ခြင်း၊ သင်တန်းပို့ချခြင်းများပြုလုပ်၍ ရွေးချယ်ဖော်ထုတ်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် မသန်စွမ်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးကိုအသုံးပြု၍ ခေါင်းဆောင်နိုင်မှုကို မြှင့်တင်ပေးရမည်ဖြစ်သည်။

မသန်စွမ်းသူများ အတားအဆီးကင်းဝေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် နေ့စဉ်လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များ၏ ငွေကြေး၊ အလုပ်အကိုင်၊ နည်းပညာအကူအညီ၊ ပစ္စည်းအကူအညီများဖြင့် အားလုံးပါဝင်ကူညီခြင်းသည် **“အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး”** ဟူသောဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများအတွက် သာယာသော လူမှုပတ်ဝန်းကျင်တစ်ရပ် ထူထောင်သွားနိုင်ရေး တွန်းအားတစ်ရပ်ဖြစ်မည်ဟု ယုံကြည်မျှော်လင့်လျက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ကျောက်ဆည်ခရိုင်၌ ဆောင်းနေကြာများ စိုက်ပျိုးဖြစ်ထွန်း

ကျောက်ဆည် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းသီးနှံနေကြာကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၃၈၈ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၈၇ ဧက၊ မြစ်သားမြို့နယ်၌ ဧက ၁၁၀ ဖြင့် နေကြာစိုက်ဧက စုစုပေါင်း ၆၈၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ဆင်းရွှေကြာမျိုး(၁)နှင့် ဆင်းရွှေကြာမျိုး(၂)များကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နေကြာစိုက်ပျိုးရာတွင် ပေါင်ကြောင်းပေးစနစ်နှင့် ကြဲပက်စနစ်ဟူ၍ စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် နေကြာတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၂၈၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က နေကြာတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ ခန့်ကုန်ကျခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၂၅-၂၆ တင်းခန့်ထွက်ရှိကာ နေကြာတစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းကျော် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ နိုဝင်ဘာလ စတုတ္ထပတ်ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နေကြာသီးနှံသည် စိုက်ပျိုးစရိတ်သက်သာပြီး မိသားစုစားသုံးဆီဖူလုံသော သီးနှံဖြစ်သည့်အတွက် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



## အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

မကွေး ဒီဇင်ဘာ ၂

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော၊ ကုန်းကြီး၊ ညောင်ပင်သာနှင့် မယ်ဇလီတောကျေးရွာတို့၌ ကြက်သွန်နီ၊ ကုလားပဲ၊ မြေပဲ၊ ဝါ၊ စပါး၊ နှမ်း၊ ပဲစင်းငုံနှင့် အခြားစားဖိုဆောင်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကို မယ်ဇလီတောကျေးရွာတွင် တောင်သူ ၇၀ က စုစုပေါင်း စိုက်ဧက ၁၅၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲစင်းငုံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး သီးနှံသက်တမ်း ခြောက်လအကြာတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုတွင် မိုးနှမ်းနှင့် အတူရောစ၍ သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ သီးညှပ်အဖြစ်စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုး ၁-၂ ပြည်ခန့် ကုန်ကျပြီး သီးထပ်စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးလေးပြည်ခန့်ကုန်ကျကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ်တွင် ထွက်ရှိခဲ့သည့် ပဲစင်းငုံများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်တွင် မျိုး၊ အလုပ်သမားခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀-၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပဲစင်းငုံတစ်ဧကလျှင် ၁၁-၁၅ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ငွေကျပ် ၁၀၂၀၀၀၀-၁၅၀၀၀၀၀ ခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နှင့် မကွေးမြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့၊ ပြည်မြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပဲစင်းငုံသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## အထက်မင်းလှမြို့နယ်၌ ပဲကြီးသီးနှံများ အောင်မြင်ဖြစ်ထွန်း

မကွေး ဒီဇင်ဘာ ၂

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ရွာတော်ကျေးရွာ၌ ပဲစင်းငုံ၊ ပဲကြီး၊ စပါး၊ ကြက်သွန်နီ၊ ကုလားပဲ၊ မြေပဲနှင့် နှမ်းတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ဆောင်းပဲကြီးသီးနှံကို တောင်သူ ၅၀ က စိုက်ဧကစုစုပေါင်း ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ် ပဲကြီးစိုက်ခင်းမှ ထွက်ရှိသောမျိုးအဖြစ် ဖယ်ချန်ထားသည့် လက်ကျန်ပဲကြီးများကို စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးရှစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် သွင်းအားစု၊ ထွန်ယက်ခ၊ အလုပ်သမားခအပါအဝင် စုစုပေါင်းငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ပဲကြီးအထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ၁၀ -၁၅ တင်းခန့် အထိထွက်ရှိကာ တစ်တင်းလျှင် အမြင့်ဆုံးဈေးနှုန်း ငွေကျပ် ၁၀၅၀၀၀ အထိရရှိပြီး ငွေကျပ် ၇၅၀၀၀၀-၁၂၇၅၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲကြီးသီးနှံများကို မင်းလှမြို့ပေါ်ရှိပွဲရုံများနှင့် ပဲကြော်ဖိုများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်ဈေးနှုန်းအနေဖြင့် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်တွင် ပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အတွက် သီးနှံပေါ်ချိန်တွင် အထွက်နှုန်းတိုးပြီး ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်ရရှိနိုင်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## ပေါင်းတည်မြို့နယ်၌ ငရုတ်သီးစိုက်တောင်သူများ အကျိုးအမြတ်ရ

ပေါင်းတည် ဒီဇင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိရာ နတ်ပုတီးကျေးရွာတွင် ငရုတ်သီးကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်း ငါးဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။



ငရုတ်သီးကို ဩဂုတ်လ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် ကျောက်စိမ်းမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၁၆၀၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သီးကို စတင်ထွက်ရှိသည့် အချိန်မှစ၍ တစ်ပတ်လျှင်တစ်ကြိမ် ခူးဆွတ်ရပြီး နှစ်လခွဲခန့်အကြာထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၆၀၀-၁၀၀၀ ခန့်အထိ ထွက်ရှိကာ တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၆၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဝက်ပုတ်မြို့နှင့် ပေါင်းတည်မြို့တို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ရန်ကုန်၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့သို့ တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးဈေးနှုန်း ကောင်းမွန်လျက်ရှိသောကြောင့် ငရုတ်စိုက်တောင်သူများ အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၂-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၄၁ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၈၈ | ၁၇၅၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၅၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၃၀၅ | ၁၆၅၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၂၁၀၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၈၅၀၀ | ၃၆၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၀၂၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၈၅၀၀ | ၃၃၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၄၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၁၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၃၅၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၂၂၅ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၇၅၀၀ | ၅၃၅၀ | ၁၃၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၂၂၅ | ၁၅၅၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၀၀၀ | ၅၃၅၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

# မထင်မှတ်လောက်အောင် ရိုက်ခတ်လာသည့် အသိဉာဏ်တု လှိုင်း

နီဇော်သစ်

"OpenAI က အနီရောင်စုဖွဲ့မှုဆိုသည့် နည်းလမ်းသစ်ဖြင့် အေအိုင်လုံခြုံရေး မြှင့်တင်မည်"

"Big tech ၏ အေအိုင်အသုံးစရိတ် ထပ်မံမြင့်တက်"

"အနာဂတ် အေအိုင်စည်းမျဉ်းများအတွက် ယနေ့ပြင်ဆင်"

"အေအိုင် လုံခြုံရေးထိပါးမှုများကို ရင်ဆိုင်ရန် LASR ကို ဖြိတိန်ဖွဲ့စည်း"

"အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ ရယူရန် ဘလော့ခ်ချိန်း အခြေခံအေအိုင်ကို YeagerAI မိတ်ဆက်"

ယခုဖော်ပြထားသည်တို့မှာ ပြီးခဲ့သည့် သီတင်းပတ်အတွင်း အေအိုင်နယူးစ် ဝက်ဘ်ဆိုက်တွင် တက်လာသည့် အသိဉာဏ်တု သို့မဟုတ် အေအိုင်နှင့် ပတ်သက်သော သတင်းများဖြစ်သည်။

သတင်းခေါင်းစဉ်များကို ဖတ်လိုက်ရုံဖြင့်ပင် အေအိုင်၏ လက်ရှိကမ္ဘာကို ရိုက်ခတ်နိုင်စွမ်းအပေါ် ဖျတ်ခနဲ မြင်ရနိုင်သည်။ ပထမဆုံးသတင်းက အေအိုင်ကုမ္ပဏီများ၏ အေအိုင်ကြောင့်ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်မှုကို ပြနေသည်။ ဒုတိယသတင်းက အေအိုင်ကုမ္ပဏီများ၏ အေအိုင်အပေါ် ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမား ထည့်သွင်းနေသည်ကိုပြနေသည်။ တတိယသတင်းက တရားရေးမဏ္ဍိုင်၏ အေအိုင်အတွက် ကြိုတင်ပြင်ဆင်မှုကို ပြနေသည်။ စတုတ္ထသတင်းက နိုင်ငံတကာ စစ်ရေးအားပြိုင်မှုများကြားမှ အေအိုင်၏ အရေးပါလာမှုကို ပြနေသည်။ ပဉ္စမသတင်းက ယခုနှစ်များအတွင်း လူကြိုက်များလာသည့် ဘစ်ကွိုင်လို ခရစ်ပ်တို ငွေကြေးတို့၏ ကျောထောက်နောက်ခံ ဘလော့ခ်ချိန်း နည်းပညာထဲတွင်ပါ အေအိုင်ပါဝင်လာသည်ကို ပြနေသည်။

**လျှင်မြန်သော ရိုက်ခတ်မှု**

ကျွန်တော် ဘွဲ့လွန်တန်းတက်နေစဉ် လွန်ခဲ့သည့် ၁၅ နှစ်ဝန်းကျင်က ကမ္ဘာ့နည်းပညာလောကတွင် နျူရယ်ကွန်ရက်နှင့် အသိဉာဏ်တုတို့နောက်သို့ ပညာရှင်နှင့် စွန့်ဦးတီထွင်သူအချို့ စတင်လိုက်နေကြသည်ကို သတိထားမိခဲ့သည်။ ကျောင်းများတွင်မူ ထိုဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများ တော်တော်များများ ထွက်ပေါ်လာနေသည်။ သို့သော် အေအိုင် သို့မဟုတ် အသိဉာဏ်တုသည် ယခုလောက် အချိန်တိုအတွင်း ဤမျှရိုက်ခတ်မည်ဟု ထင်မထားခဲ့။ ကျွန်တော့်လို သာမန်လူတစ်ယောက် မပြောနှင့်။ ထိုကာလဝန်းကျင်က DeepMind အေအိုင်ကုမ္ပဏီကို စတင်တည်ထောင်ပြီး လက်ရှိ မိုက္ကရိုဆော့ဖ် အေအိုင် စီအီးအိုဖြစ်နေသော မူစတာဖာဆူလီမန်ကပင် သူ DeepMind ကို တည်ထောင်စဉ်က အေအိုင်နည်းပညာ ယခုလောက် လျှင်လျှင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ထင်မထားခဲ့ကြောင်း ၂၀၂၃ ခုနှစ်ထုတ် သူ့စာအုပ် The Coming Wave ထဲတွင် ဝန်ခံထားသည်။

၂၀၁၆ ခုနှစ်တွင် တရုတ်ကျားကစားနည်း၌ ကမ္ဘာ့ချန်ပီယံ လီဆယ်ဒေါ်ကို DeepMind က တီထွင်ထုတ်လုပ်ထားသည့် AlphaGo အေအိုင်က အနိုင်ယူလိုက်ခြင်းသည် အေအိုင်သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုနိုင်သည်။ ထိုပွဲမတိုင်မီ ၂၀၁၅ ခုနှစ်အထိ တရုတ်ကျားကစားနည်း ပရိုဂရမ်များသည် အပျော်တမ်းအဆင့်သာရှိခဲ့ပြီး DeepMind ၏ အစောဆုံး ရင်းနှီးမြှုပ်နှံသူများထဲမှ တစ်ဦးဖြစ်သည့် အီလွန်မက်စ်ကိုယ်တိုင်က တရုတ်ကျား ပရိုဂရမ်များ ပရော်ဖက်ရှင်နယ်အဆင့်ဖြစ်လာဖို့ ၁၀ နှစ်လောက် အချိန်ယူရဦးမည်ဟု မှတ်ချက်ချဖူးသည်။ သို့သော် AlphaGo သည် နောက်နှစ်မှာပင် ကမ္ဘာ့ချန်ပီယံ လီဆယ်ဒေါ်ကို လေးပွဲ-တစ်ပွဲ အနိုင်ကစားခဲ့ပြီး မကြာမီမှာပင် ဥရောပချန်ပီယံ ဖန်ဟွေးကို ငါးပွဲပြတ် အနိုင်ကစားနိုင်ခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ၂၀၁၀ ပြည့်လွန်နှစ်အတွင်း အောင်မြင်မှုမြင့်မားခဲ့သည့် ImageNet တည်ထောင်သူလည်းဖြစ်၊ ထိုစဉ်က တွစ်တာ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် အမျိုးသမီး ကွန်ပျူတာသိပ္ပံပညာရှင် ဖေးဖေးလီက "ဒါက နှိုးစက်သံတစ်ခုပါ။ ကွန်ပျူတာတစ်လုံးဟာ အချက်အလက်နဲ့ တွက်ချက်နိုင်စွမ်း လုံလုံလောက်လောက် ရလာရင် ဘာလုပ်နိုင်မလဲဆိုတာ ကျွန်မတို့ လျှော့တွက်မိခဲ့ကြတယ်"ဟု မှတ်ချက်ပြုခဲ့သည်။ ထို့နောက်ပိုင်းတွင်မူ Generative AI တို့၊ OpenAI တို့လို အေအိုင်ကုမ္ပဏီများ အလျှိုအလျှို ပေါ်လာပြီး အားလုံးသိကြသည့်အတိုင်း ယခုဆိုလျှင် နေရာစုံ၊ ကဏ္ဍစုံ၌ အေအိုင်သည် မပါမဖြစ်ပုံစံမျိုး ဖြစ်လာကာ အေအိုင်မသုံးနိုင်သေးသည့် နယ်ပယ်များကလည်း အေအိုင်ကို ဘယ်လိုအသုံးချရမလဲဆိုသည်ကို အပူတပြင်း လိုက်နေကြပြီဖြစ်သည်။

**နောက်ကွယ်မှ တွန်းအားများ**

ထိုသို့ အေအိုင်နည်းပညာ ရုတ်ခြည်းမြင့်တက်လာရခြင်းနောက်ကွယ်တွင် တွန်းအားများစွာရှိသည့်အနက် **အချက်အလက်ပေါက်ကွဲမှု၊ ကွန်ပျူတာတို့၏ တွက်ချက်နိုင်စွမ်းမြင့်တက်မှုနှင့် အယ်လ်ဂိုရစ်သမ်ဆန်းသစ်တီထွင်မှု**တို့ကို အဓိကအကျဆုံး အချက်သုံးချက်အဖြစ် တွေ့နိုင်သည်။

ဗြိတိသျှသင်္ချာပညာရှင်လည်းဖြစ်၊ အချက်အလက် သိပ္ပံနည်းပညာကဏ္ဍတွင် စွန့်ဦးတီထွင်သူတစ်ဦးလည်းဖြစ်သည့် ကလိုက်ဗ်ရောဘတ်၏ ကမ္ဘာကျော်စကား "အချက်အလက်ဟာ ရေနံလက်သစ်ဖြစ်လာပြီ"ဆိုသည့်အတိုင်းပင် အချက်အလက် အလျှံပယ်ရရှိခြင်းသည် အေအိုင်ကစားပွဲ အသွင်ပြောင်းသွားခြင်း၏ အဓိကရင်းမြစ်ဖြစ်သည်။ အွန်လိုင်းချိတ်ဆက်မှု အားကောင်းလာခြင်းနှင့် လူမှုကွန်ရက်များ အကြီးအကျယ်ထွန်းကားလာခြင်းတို့က အချက်အလက်ပေါက်ကွဲမှုဟု ခေါ်ရလောက်အောင် အေအိုင်အတွက် အချက်အလက်များစွာ ရရှိလာစေခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကွန်ပျူတာ တွက်ချက်မှုအပိုင်းတွင် မူလစီပီယူ(Central Processing Units)များကို ဂျီပီယူ(Graphical Processing Units)က တွဲဖက်တာဝန်ယူလာသည့် ပုံစံမျိုး မြင်တွေ့လာရသည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ် ImageNet ပြိုင်ပွဲ၌ ဂျီပီယူသုံးထားသော AlexNet အနိုင်ရခဲ့ပြီးနောက် အေအိုင်လေ့ကျင့်သင်ကြားမှုပိုင်းတွင် ဂျီပီယူအသုံးပြုမှု တွင်ကျယ်လာခဲ့သည်။ နက်နက်နဲနဲသင်ယူမှု(Deep Learning) ဘက်တွင် ဂျီပီယူတို့၏ စွမ်းဆောင်မှု အဓိကကျလာခဲ့သည်။ ၂၀၁၅ ခုနှစ် ဂူးဂဲလ်က သူတို့၏ TensorFlow အေအိုင်လုပ်ငန်းစဉ်များအတွက် တီပီယူ(Tensor Process-ing Units)ကို စတင်မိတ်ဆက်လိုက်ရာမှ အေအိုင်တွင် တီပီယူ၏ အခန်းကဏ္ဍ ပါဝင်လာခဲ့သည်။ စီပီယူများ အစွမ်းထက်လာသည့်အပြင် ဂျီပီယူနှင့် တီပီယူတို့၏ အထောက်အပံ့များဖြင့် ကွန်ပျူတာ အတွက်အချက်ပိုင်းမှာ မှန်းလို့မရနိုင်အောင်ပင် ရုတ်ခြည်းမြင့်တက်သွားခဲ့သည်။ NVIDIA စီအီးအို ဂျန်ဆန်းဟွမ်က "အရင် နှစ်နဲ့ချီတွက်ရတာတွေကို အခုတစ်ပတ်နှစ်ပတ်နဲ့ တွက်လို့ရနေပါပြီ။ ဒါက အေအိုင်ရဲ့ အလျင်အမြန်တိုးတက်မှုနောက်က စူပါ ပါဝါပါပဲ"ဟု မှတ်ချက်ပြုခဲ့သည်။

ပရိုဂရမ်ရေးသားခြင်း(အယ်လ်ဂိုရစ်သမ်)ပိုင်းတွင်လည်း နျူရယ်ကွန်ရက်များနှင့် ထရန်စဖော်မာလို နက်နက်နဲနဲ သင်ယူမှုဆိုင်ရာ ကွန်ပျူတာဖွဲ့စည်းမှု (Deep Learning Architecture) တို့သည် အေအိုင်ကို တစ်ခေတ်ပြောင်းစေခဲ့သည်။ အေအိုင်၏ ဂေါ့ဒ်ဖားသားဟု အခေါ်ခံရသူ ဂျော့ဖရီဟင်တန်က "Deep Learning က တိုးတက်ရုံတင်မကပါဘူး။ စက်တွေ အလုပ်လုပ်ပုံနဲ့ သတင်းအချက်အလက်တွေကို ဘာသာပြန်ဆိုတဲ့ပုံစံတွေရဲ့ ပါရာဒိုင်းတစ်ခုလုံးကို ရွှေ့ပစ်လိုက်တာပါ"ဟု ဆိုသည်။

**အနာဂတ် ကောင်းကျိုး၊ ဆိုးကျိုး**

အေအိုင်နည်းပညာသည် လှိုင်းတစ်ခုလိုမျိုး ရိုက်ခတ်လာခဲ့ပြီ။ ကျောက်လက်နက်တီထွင်ခဲ့သည့် ပရိုင်းမိတ်ဘဝကတည်းက နည်းပညာလှိုင်းတို့ကို စီးလာခဲ့သော လူသားမျိုးနွယ်သည် နည်းပညာလှိုင်း အမျိုးမျိုးနှင့် ရင်ဆိုင်ဖူးပြီးသား။ သို့သော် ယခု အေအိုင်လှိုင်းသည် ကျောက်လက်နက်တီထွင်မှု၊ မီးကိုတွေ့ရှိမှု၊ စိုက်ပျိုးမွေးမြူတတ်လာမှုတို့လို သမိုင်းတစ်ခုလုံးကို ပြောင်းလဲစေမည့် လှိုင်းကြီးမျိုးဖြစ်သည်ဟု ပညာရှင်တို့က သတ်မှတ်ထား၏။ အပြောင်းအလဲတိုင်းတွင် အကောင်းအဆိုး ဒွန်တွဲပါနေမြဲ။ အကောင်းအဆိုးအကြောင်းကို သပ်သပ် ဆွေးနွေးပါဦးမည်။

အရေးကြီးသည်မှာ လူ့အဖွဲ့အစည်းတစ်ခုအနေဖြင့် ထိုအပြောင်းအလဲနောက်ကို လိုက်နိုင်မလား၊ မလိုက်နိုင်ဘူးလားဆိုသည့် အချက်ပင်။ သမိုင်းကြောင်းကိုကြည့်လျှင် မလိုက်နိုင်သူတို့ ပျောက်ကွယ်သွားကြပြီး လိုက်နိုင်သူတို့သာ အကောင်းအဆိုးကို ခံစားစံစားကြရသည်။ အထင်ရှားဆုံးပြောရလျှင် ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာပြီးနောက် ဆေပီယန်တို့၏ ဘာသာစကား တီထွင်မှုနောက်မလိုက်နိုင်သည့် ဟိုမိုအီရက်တပ်များ၊ ဟိုမိုနီယန်ဒါသယ်များ၊ ဟိုမိုဒင်နီဆိုဗန်များ မျိုးသုဉ်းပျောက်ကွယ်သွားကြခြင်း ဖြစ်သည်။

နည်းပညာ အပြောင်းအလဲတစ်ခုကို အမီလိုက်နိုင်ဖို့ လွတ်လပ်ပွင့်လင်းစွာ တွေးခေါ်မှု၊ တိုက်တွန်းအားပေးသည့် အသိုင်းအဝိုင်း၊ထိုးဖောက်တီထွင်သော ပညာရှင်များနှင့် ကျားကုတ်ကျားခဲ ကြိုးစားသော စွန့်ဦးတီထွင် လုပ်ငန်းရှင်များ လိုအပ်သည်။ တစ်ဖက်တွင်လည်း ဆိုးကျိုးများကို ရင်ဆိုင်ဖို့ အနာဂတ္တိပညာရှင်များ၊ တရားဥပဒေပညာရှင်များ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပညာရှင်များ လိုအပ်သည်။ အဆိုးများကို ရင်မဆိုင်လို၍ နည်းပညာ အပြောင်းအလဲကို ရှောင်လွှဲ၍မရ။ မျိုးသုဉ်းသွားမည်။ အထက်ဖော်ပြပါ သတင်းခေါင်းစဉ် ငါးခုကိုကြည့်လျှင်ပင် ကမ္ဘာကြီးက အေအိုင်အတွက် ဘယ်လိုပြင်ဆင်နေပြီလဲဆိုသည်မှာ မြင်သာနေပြီဖြစ်သည်။ ။

**Ref:** *https://www.artificialintelligence-news.com/https://chatgpt.com/*
*The Coming Wave by Mustafa Suleyman*
*The Singularity Is Nearer by Ray Kurzweil*
*Sapiens: A Brief History of Humankind by Yuval Noah Harari*



# အစားစားနေစဉ် ဖုန်းမသုံးဖို့ သိပ္ပံပညာရှင်များ သတိပေး



လူမှုကွန်ရက်များ ထွန်းကားလာပြီးနောက် အိမ်တွင်ဖြစ်ဖြစ်၊ စားသောက်ဆိုင်တွင် ဖြစ်ဖြစ် ထူးထူးခြားခြား တစ်ခုခု စားသောက်ပြီဆိုလျှင် လူမစားခင် ဖုန်းက အရင်စားခြင်းမှာ ယနေ့ခေတ်၏ အလေ့အထတစ်ခုလို ဖြစ်နေပါပြီ။

ယခုတွင် သိပ္ပံပညာရှင်များက ထိုသို့ အစားစားနေစဉ် ဖုန်းသုံးခြင်းသည် ယဉ်ကျေးမှုမရှိရုံ သာမကဘဲ ဖုန်းတွင် ကပ်ပါလာသည့် ရောဂါပိုးမွှားများကြောင့် ဘေးသင့်စေနိုင်ကြောင်း သတိပေးနေပြီဖြစ်သည်။

ချက်စတာ တက္ကသိုလ်မှ ခန္ဓာဗေဒပညာရှင် ဒေါက်တာ ဂါရက်သ်နေးက "အဓိကအားဖြင့် ဝမ်းပျက်ဝမ်းလျှောလို၊ အော့အန်တာလို၊ အစာအိမ်အောင့်တာလို အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်စေနိုင်ပါတယ်။ လူတွေမှာ ရောဂါခုခံနိုင်စွမ်းအား အထိုက်အလျောက်ရှိတယ် ဆိုပေမယ့် အသက်အန္တရာယ် ထိခိုက်နိုင်တဲ့ သွေးအဆိပ်တက်တာလို၊ အဆုတ်ရောင်လို ရောဂါပိုးတွေ ဝင်သွားရင် အန္တရာယ်ကြီးပါတယ်"ဟု ဆိုသည်။

လူ၏လက်သည် နေ့စဉ် အရာဝတ္ထု အမျိုးပေါင်း ၁၅၀ နီးပါး ထိတွေ့နေရပြီး ဟိုဟိုဒီဒီ သွားလာနေရသူများဆိုလျှင် ထို့ထက်ပိုများနိုင်ကြောင်း လေ့လာမှုများက ချပြထားသည်။ ထိုသို့ ထိတွေ့နေသလို ဖုန်းနှင့်လည်း အစဉ်အမြဲနီးပါး ထိတွေ့နေကြရာ ဖုန်းများတွင် ဗက်တီးရီးယားများ ကပ်ပါလာနိုင်ခြေ အလွန်များသောကြောင့် အစားစားနေစဉ် ဖုန်းကို ဝေးဝေးထားရန် ပညာရှင်များက သတိပေးလာကြခြင်းဖြစ်သည်။

အစားစားနေစဉ် ဖုန်းသုံးခြင်းသည် လူမှုဆက်ဆံရေး ထိခိုက်နိုင်စေခြင်း၊ စိတ်ကျန်းမာရေး ထိခိုက်နိုင်စေခြင်း၊ ကလေးများအပေါ်တွင် ထိရောက်မှု ကြီးမားခြင်း၊ စိတ်ပါလက်ပါ မစားသောက်ခြင်းကြောင့် အာဟာရကျဆင်းနိုင်ခြင်း၊ အာရုံစူးစိုက်မှု အားနည်းလာခြင်းတို့ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားခဲ့ပြီး ယခုအချိန်တွင် ကူးစက်ရောဂါများပါ ဖြစ်နိုင်ကြောင်း အရေးတကြီး သတိပေးလာခြင်းလည်း ဖြစ်သည်။

**Ref:** *Daily Mail*

## ပုံပြင်

# ပန်းသီး

**ငွေတာရီ**

တစ်ရံရောအခါ တောအုပ်တစ်ယောက်သည် တောတန်းကိုဖြတ်သန်း၍ ခရီးသွားလေ၏။ ထိုအခိုက်တွင် သူသည် ကလေးငိုသံနှင့်တူသော အသံတစ်ခုကို ကြားရလေ၏။ သူသည် အသံကြားရာသို့ မှန်းဆကာ သွားရောက်ကြည့်ရှုသောအခါ၌ ပန်းသီးပင်ကြီးတစ်ပင်၏အကိုင်းထက်တွင် ငိုကြွေးနေသောကလေးတစ်ယောက်ကို တွေ့မြင်ရလေ၏။ မိခင်ဖြစ်သူသည် သားငယ်ကိုပိုက်လျက် သစ်ပင်ခြေရင်း၌ အိပ်ပျော်နေစဉ် လင်းယုန်ငှက်ကြီးတစ်ကောင်သည် သားငယ်ကိုချီလျက် ပန်းသီးပင်၏ အမြင့်ဆုံးအကိုင်းထက်သို့ တင်ထားခဲ့ခြင်းဖြစ်လေသည်။ တောအုပ်လည်း ထိုကလေးငယ်ကို တက်ရောက်ယူငင်ကာ အိမ်သို့ ခေါ်သွားလေ၏။ အိမ်သို့ရောက်လျှင် သူ၏သမီးငယ်ကလေးနှင့်အတူ ယုယစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့လေသည်။

တောအုပ်သည် ပန်းသီးပင်ပေါ်မှ ရခဲ့သည်ကို အစွဲပြု၍ သူငယ်ကလေးအား "ပန်းသီး"ဟု အမည်ပေးထားလေသည်။ ပန်းသီးနှင့် တောအုပ်၏သမီးငယ်တို့သည် တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်ကြင်နာကြလေသည်။ သူတို့သည် လူသူမနီးသော တောအုပ်အစွန်း၌ အတူတကွ ကြီးပြင်းလာကြသည်ဖြစ်ရာ တစ်ရက်တလေမျှပင် ခွဲခွာနေခြင်းငှာ မတတ်နိုင်ကြပေ။ တောအုပ်ကြီးတွင် ထမင်းချက်မိန်းမကြီးတစ်ဦး ရှိလေသည်။ သူသည် တောအုပ်၏သမီးငယ်ကိုသာ ချစ်ခင်၍ ပန်းသီးကိုကား မုန်းတီးလေသည်။ တောအုပ်ကြီးက ပန်းသီးအပေါ် ဂရုစိုက်ပုံများကိုလည်း မရှုဆိတ်နိုင်ပေ။

နံနက်ခင်းတစ်ခုတွင် သူသည် ပုံးနှစ်ပုံးဖြင့် ရေများကို သွားရောက်ခပ်ယူခဲ့လေ၏။ အခါတိုင်းတွင်မူ တစ်ခေါက်သာ ခပ်ရိုးထုံးစံရှိလေသည်။ ထိုနေ့နံနက်တွင်ကား သူသည် စမ်းချောင်းနှင့် အိမ်ကို အခေါက်ပေါင်းများစွာ ကူးချည်ပြန်ချည်လုပ်လေသည်။ ထိုအခြင်းအရာကို သမီးကလေးမြင်သော် အကျိုးအကြောင်းကို မေးမြန်းစုံစမ်းလေ၏။ ထိုအခါ ထမင်းချက် မိန်းမကြီးက မိန်းကလေးအား–

"သင်သည် မည်သူ့အားမျှ ပြန်မပြောပါဟု ကတိပြုလျှင် ကျွန်ုပ်ပြောပြမည်"ဟု ဆိုလေသည်။ မိန်းကလေးကလည်း–

"မည်သူ့အားမျှ မပြောပါ"ဟု ကတိပြုလေ၏။ ထိုအခါ မိန်းမကြီးက –

"မိန်းကလေး၊ မနက်ဖြန် မနက်စောစောတွင် သင့်ဖခင်သည် အလုပ်ကိစ္စနှင့် ခရီးထွက်လိမ့်မည်။ ထိုအခါ ကျွန်ုပ်သည် ခပ်ထားသောရေကို အိုးကြီးတစ်လုံးတွင်ထည့်၍ ရေနွေးကျိုမည်။ ပွက်ပွက်ဆူသောအခါ ပန်းသီးကို ထည့်၍ သတ်ပစ်မည်"ဟု ပြောပြလေ၏။

နောက်တစ်နေ့နံနက်စောစောတွင် တောအုပ်သည် ခရီးထွက်သွားလေ၏။ ကလေးနှစ်ဦးမှာ အိပ်လျက်ပင်ရှိကြသေး၏။ မိန်းကလေးသည် ပန်းသီးအနီးသို့ တိုးကပ်လျက် ဤသို့ဆိုလေ၏။

"ပန်းသီး၊ ကျွန်ုပ်အား ပစ်မထားပါနှင့်။ ကျွန်ုပ်လည်း သင့်အား မည်သည့်အခါမှ ပစ်ခွာ၍ မသွားပါ"

ပန်းသီးကလည်း သူသည် တစ်သက်လုံး မိန်းကလေးနှင့် အတူနေမည်ဖြစ်ကြောင်းဖြင့် ပြန်ပြောလေသည်။ ထိုအခါ မိန်းကလေးက –

"ထမင်းချက် မိန်းမကြီးသည် မနေ့က ရေများစွာခပ်နေ၍ ကျွန်ုပ်က အကျိုးအကြောင်း မေးကြည့်သည်။ ထိုအခါ သူက မည်သူ့အားမျှ ပြန်မပြောရန် ကတိတောင်းပြီးနောက် ဤသို့ပြောပြသည်" စသည်ဖြင့် အကြောင်းစုံ ဖွင့်ဟပြောဆို၏။ ထို့နောက် မိန်းကလေးက–

"ကျွန်ုပ်တို့သည် အမြန်ဆုံး ထွက်ပြေးကြမှ သူ့လက်မှ လွတ်မြောက်နိုင်လိမ့်မည်"ဟု ဆိုလေ၏။ သို့ပြောရင်းပင် သူတို့နှစ်ယောက်သည် အိပ်ရာမှ လျင်မြန်စွာ ထကြလေ၏။ ထို့နောက် အဝတ်အစားများလဲကာ အိမ်မှ အမြန်ဆုံးထွက်ပြေးကြလေ၏။

ထိုအချိန်တွင် မီးဖိုပေါ်ရှိ ရေနွေးအိုးကြီးလည်း ပွက်ပွက်ဆူလေပြီ။ ထမင်းချက် မိန်းမကြီးသည် ရေနွေးအိုးဆူသည်နှင့်တစ်ပြိုင်နက် အိပ်ခန်းထဲသို့ဝင်ကာ ကလေးများကို ရှာဖွေလေ၏။ သို့ရာတွင် ဟင်းလင်းဖြစ်နေသော အိပ်ရာများကိုသာ တွေ့ရလေတော့သည်။

ဤတွင် သူသည် စိတ်နှလုံးပူပန်လာ၏။ တောအုပ်ကြီးပြန်လာ၍ ကလေးနှစ်ယောက် အဘယ်မှာနည်းဟုမေးက အသို့ဖြေရပါအံ့နည်းဟု ရေရွတ်မိလေ၏။ ထို့နောက် သူသည် ကလေးများနောက်သို့ လူလွှတ်၍ လိုက်ခိုင်းရန် အကြံရလေ၏။ သူသည် အစေခံသုံးယောက်ကို ကလေးများနောက်သို့ လိုက်စေလေသည်။ သူက အစေခံများအား ကလေးများနောက်သို့ အမြန်ဆုံးလိုက်၍ နှစ်ယောက်စလုံးကို အိမ်သို့ပြန်ခေါ်ရန် မှာကြားလိုက်လေသည်။ ကလေးများသည် သူတို့နောက်သို့ လိုက်လာကြသော အစေခံသုံးဦးကို မြင်ကြလေသည်။ မိန်းကလေးက ပန်းသီးအား –

"သင်သည် ကျွန်ုပ်အား ပစ်ခွာ၍ မသွားပါနှင့်"ဟု ဆိုလေ၏။ ပန်းသီးကလည်း –

"ကျွန်ုပ်သည် သင်၏ အနီးတွင် အမြဲရှိနေပါမည်" ဟု ပြန်ပြောလေသည်။

ထိုအခါ မိန်းကလေးက –

"ဤသို့ဆိုလျှင် သင်သည် နှင်းဆီပင်အဖြစ်သို့ သစ္စာပြု၍ ကူးပြောင်းပါ။ ကျွန်ုပ်သည် နှင်းဆီပွင့်အဖြစ်သို့ သစ္စာပြု၍ ကူးပြောင်းပါမည်"ဟု အကြံပေးလေ၏။

သူတို့သည် သူတို့နှစ်ဦး၏ ချစ်ခင်မှုကို သစ္စာပြုကာ မိဋ္ဌာန်လေရာ ပန်းသီးသည် နှင်းဆီပင်အဖြစ်သို့ လည်းကောင်း၊ မိန်းကလေးသည် နှင်းဆီပွင့်အဖြစ်သို့ လည်းကောင်း ကူးပြောင်းသွားလေ၏။ အစေခံသုံးဦးသည် ထိုနေရာသို့ ရောက်လတ်သော် ထိုမှဤမှ ကြည့်ရှုရှာဖွေကြလေ၏။ သို့ရာတွင် သူတို့သည် အပွင့်တစ်ပွင့်တည်း ပွင့်နေသော နှင်းဆီပင်တစ်ပင်ကိုသာ တွေ့ကြရလေသည်။ ထို့ကြောင့် သူတို့သည် လက်လျှော့ကာ အိမ်သို့ ပြန်သွားကြလေ၏။

အိမ်သို့ရောက်၍ အကြောင်းစုံကို ပြောပြလတ်သော် ထမင်းချက်မိန်းမကြီးသည် များစွာ စိတ်ဆိုးလေ၏။

"သင်တို့သည် အလွန်မိုက်မဲ၍ အဆင်ခြင်ဉာဏ်လုံးဝမရှိသောသူများဖြစ်ချေသည်။ တကယ်ဆိုသော် နှင်းဆီပင်ကို နှစ်ပိုင်းပိုင်းကာဖြတ်ပစ်၍ နှင်းဆီပွင့်ကို အိမ်သို့ ယူလာရန်သင့်ပေသည်။ ယခုပင် အမြန်သွား၍ ကျွန်ုပ်မှာသည့်အတိုင်း ပြုချေလော့"ဟု သူက ကြိမ်းမောင်းခိုင်းစေပြန်လေ၏။ အစေခံတို့သည် ကလေးနှစ်ယောက်နောက်သို့ လိုက်ရပြန်လေ၏။ ကလေးနှစ်ယောက်တို့သည် လိုက်လာသော လူများကိုမြင်သော် တစ်မျိုးတစ်ဖုံကြံစည်ကာ သစ္စာပြုကြရပြန်လေ၏။

ပန်းသီးသည် ဇရပ်လေးတစ်ဆောင်အသွင်ကို ယူကာ မိန်းကလေးကမူ ဇရပ်ပေါ်ရှိ ညောင်ရေအိုးလေးအဖြစ်သို့ ကူးပြောင်းလိုက်လေသည်။ အစေခံတို့လည်း ထိုမှဤမှ လှည့်လည်ရှာဖွေကြသော်လည်း တစ်ပွင့်တည်းပွင့်နေသော နှင်းဆီပင်ကို မတွေ့ရတော့ချေ။ ဇရပ်ကလေးနှင့် ဇရပ်ပေါ်ရှိ ညောင်ရေအိုးလေးကိုသာ တွေ့ကြရလေတော့သည်။

ထို့ကြောင့် သူတို့သည် ဒုတိယအကြိမ်မြောက် လက်လျှော့ကာ အိမ်သို့ ပြန်သွားရပြန်လေ၏။ ထမင်းချက် မိန်းမကြီးလည်း ကိစ္စအောင်မြင်ခဲ့သလောဟု ဆီးကြိုမေးမြန်းလေသည်။ အစေခံတို့က တွေ့ကြုံခဲ့ရသည်တို့ကို ပြန်ပြောသော် မိန်းမကြီးသည် အလွန်ပင် အမျက်ထွက်ပြန်လေ၏။

"သင်တို့ထက် မိုက်မဲသောသူကား လောက၌ မရှိပြီ။ သင်တို့သည် ဇရပ်လေးကို ဖြိုဖျက်ပစ်၍ ညောင်ရေအိုးကို အိမ်သို့ ယူလာသင့်ပေသည်"ဟု သူက မြည်တွန် ကြိမ်းဝါးလေသည်။

ထိုသို့ဆူပူပြီးနောက် သူသည် ယခုတစ်ကြိမ်တွင် ကိုယ်တိုင်သွားရောက်ရန် ဆုံးဖြတ်လိုက်လေ၏။ သို့ဖြင့် သူသည် အစေခံသုံးယောက်ကို ဦးဆောင်ကာ ကလေးများရှိရာသို့ ထွက်လာခဲ့လေ၏။ ကလေးတို့သည် ထမင်းချက် မိန်းမကြီးနှင့် အစေခံသုံးယောက်တို့ကို အဝေးမှပင် မြင်ကြလေသည်။ ယခုအကြိမ်တွင်မူ မိန်းကလေးသည် ရေအိုင်သဏ္ဌာန်ပြောင်း၍ ပန်းသီးကမူ ဝမ်းဘဲအသွင် ဖန်တီးလိုက်လေသည်။ ဘဲကလေးသည် ရေအိုင်ထဲတွင် လျင်မြန်စွာ ကူးခပ်နေလေသည်။ မိန်းမကြီးသည် အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရေအိုင်စပ်သို့ ဆင်းကာ ရေကိုခပ်ယူသောက်မည် ပြုလေ၏။ သို့ရာတွင် ဘဲကလေးသည် အလွန်လျင်မြန်စွာ သူ့ထံ ကူးပြေးလာကာ အလစ်တွင် မိန်းမကြီး ဦးခေါင်းမှ ဆံပင်ကို နှုတ်သီးဖြင့် ညှပ်ဆွဲလိုက်လေ၏။ မိန်းမကြီးလည်း အားလွန်ကာ ရေအိုင်ထဲသို့ ကျသွားလေတော့၏။ သူသည် အသက်ဘေးမှလွတ်မြောက်ရန် အတန်ကြာ ကြိုးစားကူးယက်ပါသေး၏။ သို့သော် အချည်းနှီးသာဖြစ်၍ ရေအောက်သို့ နစ်မြုပ်ကာ သေဆုံးသွားလေတော့၏။

ဤတွင်မှ ကလေးနှစ်ဦးတို့သည် မူလပင်ကို အသွင်ကို ပြန်ယူကြကာ အိမ်သို့ ပျော်ရွှင်စွာပြန်လာကြလေ၏။ ထိုနေ့မှစ၍ သူတို့နှစ်ဦးသည် အနှောင့်အယှက်ကင်းစွာဖြင့် အတူတကွ ချစ်ခင်ကြင်နာစွာ နေထိုင်ကြရလေတော့သတည်း။ ။

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(၂၆-၁၁-၂၀၂၄ ရက်နေ့မှအဆက်)



(ဆက်လက်ဖော်ပြပါမည်)

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၂)လမ်း၊ အမှတ်(၈၇၃)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ ထပ်တိုက်၏ ပဉ္စမထပ်(၆လွှာ)၊ တိုက်ကိုမျက်နှာမူ၍ကြည့်သော် (ဘယ်ခြမ်း)၊ (အလျား ၁၁ပေx အနံ ၄၈ပေ) အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြလိပ်စာပါ တိုက်ခန်းနှင့်ပတ်သက်၍ (၁၂-၈-၂၀၂၃)ရက်စွဲပါ "အခန်းပေး/အခန်းယူ တိုက်သစ် ဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်"အရ ကန်ထရိုက်တာ/ရောင်းသူများဖြစ်သည့် ဦးညီညီအောင် [၁၁/သတန(နိုင်)၀၆၃၄၁၈]နှင့် ဒေါ်မြင့်မြင့်သန်း [၁၁/ကဖန(နိုင်)၀၀၂၆၅၀](ဝင်းကမ္ဘာ ဆောက်လုပ်ရေး)တို့မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါရှိသည့် နေ့/ရက်မှစ၍ (၇)ရက်ပြည့်မြောက်သည့် နေ့/ရက်နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးအောင်လှိုင်ဇော် LL.B** — **ဒေါ်မိုးပွင့်ဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၃၆)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၉၆၈)**
**အမှတ်(၉၆၉)၊ ထူပါရုံ(၈)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၀၁၃၄၅၂၄၊ ၀၉-၄၂၂၀၅၆၈၀**

## မြေကွက်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်) ရပ်ကွက်၊ အမှတ် - ၉၉ နေ (ဘ) ဦးကန်နယား(ခ)ဦးမောင်စိန်၏ သမီး ကာလီချလီ (ခ)ဒေါ်မြင့်မြင့်သန်း[၁၂/ကမတ(နိုင်)၀၀၂၈၅၁]ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဇုန်-၂ ခရေလမ်း၊ ခြံမြေကွက်အမှတ်-၁၂၁၊ အလျား ၁၀၀ပေxအနံ ၅၀ပေရှိ မြေကွက်နှင့် မြေကွက်အမှတ်-၁၇၆၊ အလျား (၁၀၀)ပေ၊ အနံ (၅၀)ပေရှိ ဦးထိန်ဝင်းကျော် အမည်ပေါက် (စက်မှုဇုန်မြေအမျိုးအစား)မြေကွက် (၂)ကွက်နှင့် ယင်းမြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အဆက်အစပ် အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးအောင်ဇော်တိုး[၁၄/ပတတ(နိုင်)၁၃၉၇၄၇] ထံမှ(၁၅-၂-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် လွှဲပြောင်း ရောင်းချခြင်း ကတိစာချုပ်"ဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ကာလီချလီ(ခ) ဒေါ်မြင့်မြင့် သန်းက ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားပိုင်ဆိုင်သူ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါ မြေကွက်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါလျှင် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယဉ်ယဉ်မြတ် (LL.B)** — **ဦးဝင်းဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၆၄)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၈)**
**တိုက်အမှတ်-၉/၁၁၊ ၃၆-လမ်း၊ ဒု-ထပ်၊ အခန်း(၂၀၄/အေ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၇လမ်း)တောင်၊ ပထမထပ် (ခြေရင်းခန်း)၊ အမှတ်(၅၈၈)ဟု ခေါ်တွင်သော အလျား(၁၄ပေ)xအနံ(၅၄ပေ)အကျယ်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူဖြစ်သော **ဒေါ်မျိုးသန္တာဦး [၁၂/အစန(နိုင်)၂၂၅၂၇] မှ "(၁၂-၅-၂၀၂၄)ရက်စွဲပါ အခန်းပေးအခန်းယူကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲ (၄)ထပ်တိုက်ဆောက်လုပ်ခြင်းနှစ်ဦးသဘောတူ ကတိစာချုပ်"၊ "(၂၉-၁၁-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရစ်ကျအရောင်းအဝယ်ကတိစာချုပ်"** အရဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** **ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ (က-၅)လမ်း၊ အမှတ်(၂၈၅)၊ (၁)ခန်းတွဲ၊ (၅)ထပ်တိုက်၏ ဒုတိယအထပ်(၃)လွှာတိုက်ခန်း၊ မီတာ+ရေစက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေမင်းထွန်း[၇/သနပ(ပြု)၀၀၂၄၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**"ဒေါ်စန္ဒာဝင်း၏လွှဲအပ်ချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph: 01-385205, 09-420088970**

## "အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၃/ဘီ)၊ မြေကွက်အမှတ်(၁၁၄)၊ ဧရိယာ(၀.၀၄၃)ဧကရှိ နှစ်(၆၀) သက်တမ်းကုန်ဂရန်မြေကွက်နှင့် အမှတ်(၈၇)၊ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ် အဝန်း(၁၅ပေx၅၅ပေ)ရှိ တိုက်ခန်းတစ်ခန်း၊ လူနေထိုင်အသုံးပြုခွင့်(BCC)၊ လျှပ်စစ် မီတာ(၁)လုံးနှင့် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သဖြင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဦးနေလင်းအောင်[၁၄/မအပ(နိုင်)၀၀၀၃၄၀] ကိုင်ဆောင်သူနှင့် ဒေါ်ဆုမွန်အောင်[၁၄/လပတ(နိုင်)၀၀၂၆၁၅]တို့က ဝန်ခံကတိပြု သောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်မျိုးကျော်(LL.B,D.B.L,WIPO)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၃၁၉/၁၄-၉-၂၀၁၇)**
**အမှတ်(၈/၁၄၉)၊ ရန်ကြီးအောင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**Ph: 09-450040704**

**နော်စုလှဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၀၃၃/၁၇-၉-၂၀၁၉)**
**အမှတ်(၉၃)၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၆၈၅၈၊ ၀၉-၇၆၇၂၅၀၈၇၀**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်နေ မခိုင်ဇာသွယ်(ခ)ရှဟီဒဟ်ဘီ [၁၂/ဥကတ(နိုင်)၂၂၅၂၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ မခိုင်ဇာသွယ်(ခ)ရှဟီဒဟ်ဘီနှင့် ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၆)လမ်း၊ အမှတ်(၄၅)နေ မောင်ကျော်သီဟ(ခ)မုဟမ္မဒ်ရဖီးအ်တို့သည် (၇-၆-၂၀၁၉) ရက်နေ့တွင် အစ္စလာမ်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြားလက်ထပ် ခဲ့ကြသော်လည်း ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက် ဆိုင်သောကြောင့်လည်းကောင်း၊ ဆက်လက် ပေါင်းသင်းရန် မဖြစ်နိုင်သော ကြောင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေ မခိုင်ဇာသွယ်(ခ)ရှဟီဒဟ်ဘီမှ အစ္စလာမ် ဘာသာရေးအဖွဲ့အစည်းသို့ တင်ပြလျှောက်ထား၍ ကွာရှင်းပြတ်စဲခွင့်ခမ္မ သတ်ရယူပြီးနောက် (၃၀-၁၁-၂၀၂၄)ရက်နေ့၌ (တွလာကေဘာအင်န်) တစ်ကြိမ်အတည်ပြုခြင်းဖြင့် ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲ ခဲ့ပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် မခိုင်ဇာသွယ်(ခ)ရှဟီဒဟ်ဘီနှင့် မောင်ကျော်သီဟ (ခ)မုဟမ္မဒ်ရဖီးအ်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းလုံးဝအလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**မခိုင်ဇာသွယ်(ခ)ရှဟီဒဟ်ဘီ**
**[၁၂/ဥကတ(နိုင်)၂၂၅၂၇၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာခိုင်**
**LL.B, D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၉၅)**
**အမှတ်(၂၁)၊ ဒုတိယထပ်(၃-လွှာ)၊ ယုဝလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၅၈၆၇**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြင့်လှိုင်၏ သား ဝင်းဇော်ဟိန်း [၁၂/သကတ(နိုင်) ၁၈၈၈၈၀]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွား ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**Ph: 09-951890399**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ၃၁-လမ်း (အောက်)၊ အမှတ် (၆၀)၊ မြေညီထပ်၊ (၁၂ ၁/၂'x ၅၀') ရှိ ထပ်ခိုးပြည့်ပါ ရေမီးအစုံလူနေတိုက်ခန်းနှင့်အကျိုးခံစားခွင့်များကို (၂၂-၃-၂၀၁၉)ရက်စွဲပါ အပိုင်ပေးစာချုပ်ဖြင့် လက်ရောက်ရနေထိုင်၊ ပိုင်ဆိုင်၊ ပြန်လည်ရောင်းချခွင့် ရှိသူ ဒေါ်ခင်မေရီ[၁၂/ပဘတ(နိုင်)၀၀၃၅၆၇]ထံမှ အပျောက်စနစ်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် စေ့ရောက်ကုန်ဆုံးပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစိုးဝင်း (မအူပင်)** — **ဦးမျိုးသိန်းဌေး**
**B.A, H.G.P, R.L** — **LL.B, D.B.L, D.I.L,D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၇၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၃၃)**
**အမှတ်-၁၆၂၊ ပထမထပ်(ယာ)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၉၅၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် (၆၈/ခ)၊ ဧရိယာ(၀.၀၅၀)ဧက၊ မြေကွက် တည်နေရာအမှတ်(၃၁/၆၈)(ခ)၊ စံပယ် လမ်းသွယ်၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ်၊ ဦးတင်ရွှေ[၁၂/မရက(နိုင်) ၀၆၁၃၆၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်မြေ အမည် ပေါက် ဦးတင်ရွှေ [၁၂/မရက(နိုင်) ၀၆၁၃၆၃] ဖခင်ဖြစ်သူသည် (၂၆-၇-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပါ သည်။ မိခင်ဖြစ်သူ ဒေါ်လှကြည် [၁၂/ မရက(နိုင်)၀၆၁၃၆၄]သည်လည်း (၂၉-၃-၂၀၁၁)ရက်နေ့တွင် အသီးသီး ကွယ်လွန်သွားပါသဖြင့် သား/သမီးများ ဖြစ်ကြသော ဒေါ်မေသင်းရွှေ [၁၂/ဗဟန (နိုင်)၀၄၇၅၉၈]၊ ဒေါ်သန်းသန်းရွှေ [၁၂/ မရက(နိုင်)၀၆၁၃၆၆]၊ ဒေါ်ကြည်ကြည် ရွှေ [၁၂/မရက(နိုင်)၀၆၁၃၆၅]၊ ဦးပြည့်စုံ [၁၂/မရက(နိုင်)၀၆၁၃၆၈]တို့မှ ဂရန် မူရင်း၊ မိခင်/ဖခင် သေစာရင်း၊ အိမ် ထောင်စုစာရင်း၊ တိုင်းခွဲအတည်ပြုမြေပုံ၊ မိခင်/ဖခင်တို့ ကွယ်လွန်ပြီးနောက် ၎င်း တို့မောင်နှမ (၄)ဦးကသာလျှင် အထက် ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန် လွှာ အမှတ်- ၁၀/၄၁၇/၂၀၂၄ (၉-၁၀- ၂၀၂၄)၊ အသိသက်သေ (၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆို ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/ဘီ)၊ လူနေရပ်ကွက်-ပေါက်တော၊ ဥယျာဉ်လမ်း၊ မြေကွက်အမှတ်(၄၅/က၁)၊ အိမ်အမှတ်(၅၄၀)၊ အကျယ်အဝန်း(၈၆'/၈၉' x ၄၁'/၄၃')ရှိ ဒေါ်ခင်စန်း(ခ)ဒေါ်စုစုခင် [၁၂/အစန(နိုင်)၀၁၁၁၅၉]အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမွေဆက်ခံ ပိုင်ခွင့်ရှိသူဖြစ်ပြီး၊ လက်ရောက်ပိုင်ဆိုင်၍ တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိမ့်ယဉ်ဝင်း [၁၂/အစန(နိုင်)၁၆၈၀၅၃]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာန်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**
**အမှတ်(၅၉၃/က)၊ ဝေဇယန္တာအနောက်(၁၂)လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၂၃၀၁၂၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တိုးချဲ့(၃)ရပ်ကွက်၊ အောင်သုခ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၄၈၈၊ အကျယ်အဝန်း(၂၅ ပေx၅၀ပေ)ရှိ ဦးသန်းထွန်း(LMA-၀၇၅၂၇၈)အမည်ပေါက် ပါမစ်မြေနှင့် ယင်း မြေပေါ်ရှိအဆောက်အဦ" ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ **ဒေါ်စိုးစိုးနွယ်[၁၂/ကမရ(နိုင်)၀၄၃၁၀၃]**ထံမှ ကျွန်ုပ်မိတ်ဆွေ **ဒေါ်မေသူခိုင်[၁/မကတ(နိုင်)၀၆၇၃၉၆]**က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့် -**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၅၁၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၂၈၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၈၈/ခ)၊ အောင်သိဒ္ဓိ(၂)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်မူမူအောင်[၆/ကစန(နိုင်)၀၂၄၉၇၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မူမူအောင် (ဇနီး)ဖြစ်သူသည် (၂၄-၁-၂၀၂၄) ရက်နေ့တွင် ကွယ်လွန်၍ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း[၂/ဒမဆ(နိုင်)၀၅၉၀၅၃]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူခင်ပွန်းဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားခင်ပွန်းတစ်ဦး တစ်ယောက်မျှမရှိပါကြောင်း အထက်ပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၆၀၈/၂၄ (၁၆-၉-၂၀၂၄) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဇနီးသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်အုတ်ညှပ် (၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဦးစိန်ဝင်းမှကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအာကာလင်း (ဘ)ဦးစိုးဝင်း[၉/မရတ(နိုင်)၁၀၇၉၈၁]အား ဦးအေးလွင် (ဘ)ဦးဆယ်မောင်[၁၃/တကန(နိုင်)၀၈၃၈၃၂]ကိုင်ဆောင်သူမှ ၎င်းပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက် ကျေးရွာအုပ်စု၊ တိုးကြီးကုန်းကျေးရွာ၊ ကွင်းအမှတ်(၇၀၆/က)၊ မြေဧရိယာ(၅၄.၀၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ ၎င်း၏ကိုယ်စား ကိစ္စရပ်အသီးသီးအား စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် (၅-၄-၂၀၂၃)ရက်နေ့က ရန်ကုန် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၃၂/ ၂၀၂၃)အား လွှဲအပ်ခဲ့ပါသည်။

ယင်းသို့လွှဲအပ်ခဲ့ပြီးနောက် ဦးအေးလွင်နှင့် အကျိုးတူဆောင်ရွက်ခဲ့သည့် ယခင်က ဦးအေးလွင်ထံမှကိုယ်စားလှယ် လွှဲစာ ရရှိခဲ့သော ဦးဟံဝင်းအောင်နှင့် လွှဲပြောင်းရောင်းဝယ်ချုပ်ဆိုပေးခဲ့သော စာချုပ်များအား ပယ်ဖျက်၍ ဦးအေးလွင်နှင့် တိုက်ရိုက်လွှဲပြောင်းရောင်းဝယ်စာချုပ်များ ပြန်လည်ပြင်ဆင်ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်များအား ဦးအေးလွင်နှင့် ဝယ်ယူ သူများ၏ သဘောတူခွင့်ပြုချက်ဖြင့် ဦးအေးလွင် ကိုယ်စား ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအာကာလင်းမှ လက်မှတ် ရေးထိုးပေးခဲ့ပါသည်။

ယခုအခါ ဦးအေးလွင်၏ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန်မလိုအပ်တော့ပါသဖြင့် နှစ်ဦးသဘောတူညီချက်အရ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၃၂/၂၀၂၃)အား ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၁၅-၁၀-၂၀၂၄) ရက်နေ့တွင် ပြန်လည်ဖျက်သိမ်းခဲ့ပြီး (၁-၁၁-၂၀၂၄)ရက်နေ့တွင် မန္တလေးနေ့စဉ်သတင်းစာ၌လည်းကောင်း (၆-၁၁-၂၀၂၄) ရက်နေ့တွင် ကြေးမုံသတင်းစာနှင့် (၇-၁၁-၂၀၂၄)ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတို့၌လည်းကောင်း ကျွန်တော် ဦးအာကာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများမှ အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေဧရိယာ(၅၄.၀၀)ဧက အတွင်းမှ ဦးအေးလွင်နှင့် လွှဲပြောင်းရောင်းဝယ် ဆောင်ရွက် ခဲ့ကြသူများအနေဖြင့် စာချုပ်များ လက်မှတ်ရေးထိုးပေးခဲ့သူ ဦးအာကာလင်းသည် ဦးအေးလွင်၏ ကိုယ်စားလှယ် အဖြစ်မှ ဖျက်သိမ်းပြီးဖြစ်ခြင်းကြောင့် မြေလွှဲပြောင်းရောင်းဝယ်ကိစ္စရပ်များ၊ ငွေကြေးကိစ္စရပ်များ၊ မြေယာအရှုပ်အရှင်းကိစ္စများ၊ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများနှင့်ပတ်သက်၍ ဦးအေးလွင်နှင့် အကျိုးတူဆောင်ရွက်ခဲ့သူ ဦးဟံဝင်းအောင်တို့ထံသာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအာကာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဉာဏ်ထွန်း (LL.M)** — **ဦးနေဇော်ဦး(LL.B)**
**(စဉ်-၇၉၉၉)** — **(စဉ်-၁၆၃၈၉)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ဖဖ-၃/၇၁၊ ထွန်းတိုးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၃၁၈၅၉၁၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ မင်းရှင်စောလမ်း၊ တိုက်အမှတ်(၄၁)၊ အခန်းအမှတ်(၀၀၄)၊ (၁၈ ပေ x ၂၆ ပေ) အကျယ် အဝန်းရှိတိုက်ခန်းအား** စာချုပ်စာတမ်းအဆက်စပ်များနှင့် တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ချမ်းအေးမိုး[၁၄/ဟသတ(နိုင်)၂၂၇၁၇၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်နိုင်ဝင်း[၈/နမန(နိုင်)၁၀၃၀၀၈] ကိုင်ဆောင်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်စာချုပ်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်တင် (LL.B)** | **ဒေါ်သော်သော်မင်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၄၂၆၄)** | **(စဉ်–၁၄၁၄၅)** |

**ရွှေဝါထွန်း(၁)လမ်း၊ (၁၂)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၂၈၀၄၆၂၅၊ ၀၉–၂၂၀၁၆၉၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှူထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်လမ်း သွယ်(၂)၊ ခြံအမှတ်(၂၂)ဟုခေါ်တွင်သော အကွက်အမှတ်(၂၇)၊ ကျိုက်ဇောခိတောင်ကွက်၊ ဦးပိုင်အမှတ် (၁၅)၊ ဦးစံလင်း၊ မလှကြည်၊ သမီးမသင်းထုံ အမည်ပေါက် မြေကွက်အတွင်းမှ ဧရိယာ(၀.၀၀၅)ဧကနှင့် ဦးပိုင်အမှတ်(၃၂)၊ ဦးစံလင်းအမည်ပေါက် မြေကွက်အတွင်းမှ ဧရိယာ(၀.၀၂၂)ဧက စုစုပေါင်း ဧရိယာ (၀.၀၂၇)ဧက [လက်ရှိမြေပြင်ဧရိယာ(၀.၀၂၆) ဧက] အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စုစုနိုင်(ဘ)ဦးလှမြင့် [၁၂/ဗဟန(နိုင်)၀၉၆၂၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုဆွေ(ဘ)ဦးတင်ဆွေ [၉/မခန(နိုင်)၀၀၁၃၁၇] က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ မြေကွက်နှင့်ပတ်သက်၍ ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနှင်းထွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၄၉၆၈)**
**အမှတ်(F–၅၁) သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၂၅၀၀၁၂၈၀၁**

## ရန်ကုန်အထိုင်လက်ကား မြေဩဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA) အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားဈေးနှုန်းအဖြစ် ၁–၁၂–၂၀၂၄ ရက်နေ့မှ ၃၁–၁၂–၂၀၂၄ ရက်နေ့အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်–

| | | |
|---|---|---|
| (က) | ယူရီးယား မြေဩဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် | ၉,၇၀၀၀ ကျပ် |
| (ခ) | Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၂၄,၀၀၀ ကျပ် |
| (ဂ) | DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၃၇,၀၀၀ ကျပ် |

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင်လက်ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

(က) ဦးဆောင်ကော်မတီ ၀၆၇–၄၁၀၀၃၂
(ခ) MFSPEA အသင်း ၀၉–၉၈၈၅၃၉၃၆၀

**မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

## ၂၄–၅–၂၀၂၄ ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းရှိ မြေတိုင်းရပ်ကွက် အမှတ်–၁၅၊ ဦးပိုင်အမှတ်(၆၁/၇)၊ B အမှတ်အသားရှိ ဧရိယာ ၀.၂၀ ဧကနှင့် ၀.၀၇၇ ဧက မြေကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူများနှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်ဖော်ပြပါ ကြေညာချက်တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(၁၂)ဟု ခေါ်တွင်သည့် (အလျား ၃၅ ပေxအနံ ၇၀ ပေ)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်မှာ ကျွန်ုပ်၏ အမှုသည်ဖြစ်သည့် ဒေါ်အေးအေးမြင့်[၁၂/လမန(နိုင်)၀၄၈၄၈၀] ၏ မိဘဘိုးဘွားတို့က လွန်ခဲ့သောနှစ်ပေါင်း ၇၀/၈၀ ခန့်ကပင် တရားဝင်လက်ရှိပိုင်ဆိုင် နေထိုင်ခဲ့ပါကြောင်း၊ မိဘဘိုးဘွားများကွယ်လွန်ခဲ့ပြီးနောက် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးအေးမြင့်ကပင် အမွေဆက်ခံပိုင်ဆိုင်၍ တစ်ဆက်တည်း လက်ရှိနေထိုင်လျက်ရှိပါကြောင်း၊ မည်သူ့မြေပေါ်တွင်မျှ ကျူးကျော်နေထိုင်သူမဟုတ်၍ မိမိကိုယ်ပိုင် တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေနှင့်အိမ်ဖြစ်ပါကြောင်း၊ နောက်နောင်တွင် ကျူးကျော်နေထိုင်သူများဟူသော စကားရပ်ကို ဥပဒေနှင့်မညီဘဲ သုံးစွဲခြင်းအား ကန့်ကွက်ပါကြောင်း၊ ဤမှနောက်တွင်လည်း ဥပဒေနှင့်မညီသော ကြေညာမှုများကို ယခုကဲ့သို့ ထပ်မံရှင်းလင်းကြေညာခြင်း ပြုလုပ်မည်မဟုတ်ပါကြောင်း ကျွန်ုပ်အမှုသည်၏ညွှန်ကြားချက်အား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်အေးအေးမြင့် (ဘ)ဦးဘကင်း** | **ဦးတိုးမြင့် [LL.B, D.B.L, 101, WIPO (Switzerland)]** |
| **[၁၂/လမန(နိုင်)၀၄၈၄၈၀]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၆၂၀၁/၂၂–၅–၁၉၉၅)** |
| | **အမှတ် (၃၄)၊ ဒေးဗစ်ရွှေနုလမ်း၊ (၂) ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၇၈၈၈၃** |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ(၄)လမ်း၊ အမှတ်(၇၁) (မြေကွက်အားမျက်နှာမူလျှင်)(ယာဘက်) ခြမ်းရှိ (၁၂½ x ၅၀)ပေ မြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အဦ၏(ပထမထပ်) ဖြစ်သော အကျယ်အဝန်း (၁၂½ x ၅၀)ပေရှိ လူနေတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သန်းရီ (ဘ) ဦးတင်စိန် [၁၂/ဒပန(နိုင်)၀၂၄၈၈၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

အထက်ဖော်ပြပါ(လူနေ)တိုက်ခန်းကိုကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သန်းရီသည် ဒေါ်ခင်ဝင်းမာ [၇/ဝမန(နိုင်)၀၄၄၀၇၀] ထံမှ (၁–၇–၂၀၂၄) ရက်စွဲဖြင့် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" တစ်ရပ်ပြုလုပ်ချုပ်ဆို၍ အမှန်တစ်ကယ်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ(လူနေ)တိုက်ခန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းရီ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ကျူးကျော်ခြင်း၊အခြားတစ်နည်းနည်းဖြင့် အလွဲသုံးစားပြုလုပ်ခြင်းများ စသည်ဖြင့် မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။

အကယ်၍ ထိုသို့ပြုလုပ်လာပါက ကျွန်ုပ်မိတ်ဆွေက ဥပဒေနှင့်အညီ တိုင်တန်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်သန်းရီ** | **ဦးမျိုးကျော် (LL.B)** |
| **[၁၂/ဒပန(နိုင်)၀၂၄၈၈၆]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၈၃၃/၂၀၁၇)** |
| | **အမှတ် (၄၄)၊ပင်လုံလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း–၀၉–၄၄၃၁၀၂၆၆၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ လူနေရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၇၈၄/ခ)၊ မြေအကျယ်(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေ ကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၄)လမ်း၊ အမှတ်(၇၈၄/ခ) ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကြည်အမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်ပိုင်ရှင်(မိခင်)ဒေါ်ကြည်နှင့်(ဖခင်)အော်ဇူနော(ခ)ဦးမဲ၊ ၎င်းတို့၏ သားအကြီးဖြစ်သူ ဦးခင်မောင်ကြည်၊ သမီးအလတ်ဖြစ်သူ ဒေါ်စန်းကြည်တို့ အသီးသီးကွယ်လွန်သွားသည့်အတွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ သမီးနှင့် အမွေမမီမြေးများဖြစ်ကြသည့် ၁။ ဒေါ်လှနု [၁၂/သဃက(နိုင်)၀၀၅၃၅၁]၊ ၂။ ဦးဌေးဝင်း[၁၂/သဃက(နိုင်)၁၈၁၈၃၀]၊ ၃။ ဦးသန်းအောင်[၁၂/သဃက(နိုင်)၁၉၀၇၉၀]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်မြလဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL )** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၉၂၁၂)** | **(စဉ်–၅၆၅၆၆)** | **(စဉ်–၅၆၅၆၅)** |

**အမှတ်–၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉၂၉၉၂၅၅**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွှေလီလမ်းသွယ်–၂၊ ၈၁–ရပ်ကွက်၊ အမှတ်–(၄၂၉) တွင် နေထိုင်သော ဦးစီပေါ [၁၃/လလန(နိုင်)၁၀၁၉၈၇] သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အားပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number T/2024/004305, T/2024/004304, T/2024/004298, T/2024/004277 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်များ၏ မူပိုင်ရှင်ဖြစ်ပါသည် –

| | | | |
|---|---|---|---|
| လျှောက်လွှာနံပါတ် | လျှောက်လွှာနံပါတ် | လျှောက်လွှာနံပါတ် | လျှောက်လွှာနံပါတ် |
| T/2024/004305 | T/2024/004304 | T/2024/004298 | T/2024/004277 |

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ပိတ်စအမျိုးမျိုးကိုအသုံးပြု၍ ချုပ်လုပ်သော အမျိုးသား/အမျိုးသမီး၊ လူကြီး/လူငယ်ဝတ် အဝတ်အထည်အမျိုးမျိုး၊ အမျိုးသမီးဝတ် စကပ်အမျိုးမျိုး၊ ဂါဝန်အမျိုးမျိုး၊ အမျိုးသား/အမျိုးသမီး၊ လူကြီး/လူငယ်ဝတ် ရှပ်အင်္ကျီလက်ရှည်/လက်တို ဝမ်းဆက်ထည်များ၊ ဘောင်းဘီတို/ဘောင်းဘီရှည်အမျိုးမျိုး အစရှိသည့် Ready to wear အဝတ်အစားအမျိုးမျိုးတို့အား မိမိကိုယ်တိုင် ချုပ်လုပ်၊ ထုတ်လုပ်၍ ကိုယ်ပိုင်အမှတ်တံဆိပ်အနေဖြင့် လက်လီလက်ကား ရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ Online မှ ဖြစ်စေ ရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုင်ခိုးတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့်ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ခိုးတုပ သုံးစွဲခဲ့မည်ဆိုပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစီပေါ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ခိုင်ဆုဝေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၀၆၅ )** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၉၈၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၆၈/က)၊ ဧရိယာ(၀.၀၇၃)ဧက၊ မြေကွက်တည်နေရာ အမှတ်(၃၁/၆၈)(က)၊ စံပယ်လမ်းသွယ်၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးတင်ရွှေ [၁၂/မရက(နိုင်)၀၆၁၃၆၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးတင်ရွှေ [၁၂/မရက(နိုင်)၀၆၁၃၆၃] ဖခင်ဖြစ်သူသည် (၂၆–၇–၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပါသည်။ မိခင်ဖြစ်သူ ဒေါ်လှကြည် [၁၂/မရက(နိုင်)၀၆၁၃၆၄]သည်လည်း (၂၉–၃–၂၀၁၁) ရက်နေ့တွင် အသီးသီးကွယ်လွန်သွားပါသဖြင့် သား/သမီးများဖြစ်ကြသော ဒေါ်မေသင်းရွှေ [၁၂/ဗဟန(နိုင်)၀၄၇၅၉၈]၊ ဒေါ်သန်းသန်းရွှေ [၁၂/မရက(နိုင်)၀၆၁၃၆၆]၊ ဒေါ်ကြည်ကြည်ရွှေ [၁၂/မရက(နိုင်)၀၆၁၃၆၅]၊ ဦးပြည့်စုံ [၁၂/မရက(နိုင်)၀၆၁၃၆၈] တို့မှ ဂရန်မူရင်း၊ မိခင်/ဖခင် သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ တိုင်းခွဲအတည်ပြုမြေပုံ၊ မိခင်/ဖခင်တို့ ကွယ်လွန်ပြီးနောက် ၎င်းတို့မောင်နှမ(၄)ဦးကသာလျှင် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်–၁၀/၄၁၆/၂၀၂၄ (၉–၁၀–၂၀၂၄)၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဂျိုးဖြူလမ်း၊ ဂျိုးဖြူကွန်ဒို၊ အောင်ဆန်းကွင်းရှေ့၊ ဖဆပလရပ်ကွက်၊ တိုက်(၂၉)တွင် နေထိုင်သော ဒေါ်ဆာရာဒေဝီ [၉/မကန(နိုင်)၀၈၄၄၈၇] သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number–T/2024/004306 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည် –

လျှောက်လွှာနံပါတ်– T/2024/004306

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ပိတ်စအမျိုးမျိုးကိုအသုံးပြု၍ ချုပ်လုပ်သော အမျိုးသား/အမျိုးသမီး၊ လူကြီး/လူငယ်ဝတ် အဝတ်အထည်အမျိုးမျိုး၊ အမျိုးသမီးဝတ် စကပ်အမျိုးမျိုး၊ ဂါဝန်အမျိုးမျိုး၊ အမျိုးသား/အမျိုးသမီး၊ လူကြီး/လူငယ်ဝတ် ရှပ်အင်္ကျီလက်ရှည်/လက်တို ဝမ်းဆက်ထည်များ၊ ဘောင်းဘီတို/ဘောင်းဘီရှည်အမျိုးမျိုး အစရှိသည့် Ready to wear အဝတ်အစားအမျိုးမျိုးတို့အား မိမိကိုယ်တိုင် ချုပ်လုပ်၊ ထုတ်လုပ်၍ ကိုယ်ပိုင်အမှတ်တံဆိပ်အနေဖြင့် လက်လီလက်ကားရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ ဖြစ်စေ၊ Online မှ ဖြစ်စေ ရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုင်ခိုးတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ခိုးတုပ သုံးစွဲခဲ့မည်ဆိုပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆာရာဒေဝီ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်စုထွေးလတ်** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B, LL.M, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် – ၁၄၅၃၇)** | **(စဉ်–၅၂၈၉၆ )** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၉၈၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## လျှောက်လွှာခေါ်ယူခြင်း
## နေပြည်တော်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
| --- | --- | --- | --- |
| (က) | အငယ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၂) နေရာ | တက္ကသိုလ်/ကောလိပ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( ဂ) (၃၀-၁၁-၂၀၂၄) ရက်နေ့တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်စေရ၊

(ဃ) လျှောက်ထားသူများသည် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်၊

( င) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် အကြောင်းပြချက် ခိုင်လုံမှုမရှိ/ခွင့်ပြုချက်မရှိဘဲ နုတ်ထွက်ခဲ့လျှင် ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) ကို ပေးလျော်ရေး စာချုပ်ချုပ်ဆိုဆောင်ရွက်မည်ဖြစ်သည်၊

( စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊

( ခ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊

( ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

( င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

( စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်းဆေးလက်မှတ်ထောက်ခံချက်မူရင်း၊

( ဇ) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)၊

( ဈ) ရေးဖြေနှင့်လူတွေ့ လာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ပညာအရည်အချင်း အထောက်အထားများမူရင်း၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း၊ ကျွမ်းကျင်မှုလက်မှတ်မူရင်း တို့ကို တစ်ပါတည်းတင်ပြရမည်။

၅။ လျှောက်လွှာများကို (၃၁-၁၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လျှောက်ထားရမည်။

၆။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုကိုပါ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို ဆက်သွယ် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်(စီမံဌာန)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၂၁၂၃ နှင့် ၀၆၇၃-၄၁၂၆၂၆ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ (ကွင်း/အကွက်အမှတ်)-၁၈/ဇရစ်စမ်းတောင်ကွက်၊ ဦးပိုင်အမှတ်(၆၆)၊ မြေကွက်အမှတ်(၆၄)၊ အကျယ်အဝန်း(၀.၀၈၈)ဧကရှိ ဦးဝင်းနိုင်[၁၂/သလန(နိုင်)၀၁၃၇၀၀]၊ ဒေါ်စန်းရီ[၁၂/သလန(နိုင်)၀၁၃၇၀၂] အမည်ပေါက် နှစ်(၃၀)ဂရန်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်ကြူကြူလွင် [၁၂/ဗဟန(နိုင်)၀၆၁၇၁၅]မှ ၎င်းတို့ အမည်ပေါက် (၂)ဦးထံမှ သန်လျင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၇/၂၀၁၆) (၂၆-၉-၂၀၁၆)ရရှိထားပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ (၅)ခန်းတွဲ (၃) လမ်း၊ အမှတ်(၃/၁၅)၊ (၁၄ ပေ x ၄၀ ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်အပါအဝင် ဂျိုးဖြူရေ၊ မီးမီတာအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်လှဲလှဲသင်း [၉/ညဥန(နိုင်)၁၃၈၄၃၃]ကိုင်ဆောင်သူမှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိသာလျှင် တရားဝင် လက်ရောက် ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပပဦး [၈/ရနခ(နိုင်)၁၃၅၁၄၅]ထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်အဆိုပါနေ့ရက် ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပပဦး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၉၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၂၃၉၆၂၂**

## အများသိစေရန်ကြေညာခြင်း

